# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ သောကြာနေ့ (11-3-2016) (၈၅၀၂)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လစ်သူယေးနီးယားနိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် မတ် ၁၁

၂၀၁၆ ခုနှစ် မတ် ၁၁ ရက်တွင် ကျရောက်သော လစ်သူယေးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လစ်သူယေးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စ ဒါလီယာ ဂရီဗိုစတီး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၆ ခုနှစ် မတ် ၁၁ရက်တွင် ကျရောက်သော လစ်သူယေးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လစ်သူယေးနီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ အယ်ဂီဒါ့စ် ဘော့ဂ်ဗီးစီးယို့စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ဒုတိယသမ္မတလောင်းများအဖြစ် ဦးထင်ကျော်၊ ဒေါက်တာစိုင်းမောက်ခမ်း၊ ဦးဟင်နရီဗန်ထီးယူနှင့် ဦးခင်အောင်မြင့်တို့၏ အမည်စာရင်းတင်သွင်း



သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ပထမနေ့ကျင်းပစဉ်။ (သတင်းစဉ်)



**ဦးထင်ကျော်** *(ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း)*



**ဒေါက်တာစိုင်းမောက်ခမ်း** *(ဓာတ်ပုံ-သတင်းစဉ်)*



**ဦးဟင်နရီဗန်ထီးယူ** *(ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း)*



**ဦးခင်အောင်မြင့်** *(ဓာတ်ပုံ-သတင်းစဉ်)*

နေပြည်တော် မတ် ၁၀

**သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးနှင့် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးများကို ယနေ့နံနက် ၁၀ နာရီတွင် သက်ဆိုင်ရာလွှတ်တော်အသီးသီး၌ကျင်းပရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတလောင်းအဖြစ် ဦးထင်ကျော်နှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ကိုလည်းကောင်း၊ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးဟင်နရီဗန်ထီးယူနှင့် ဦးခင်အောင်မြင့်တို့ကို လည်းကောင်း အမည်စာရင်းတင်သွင်းကြသည်။**

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆


( အဆင့်မြင့် ခြင်လုံဇကာ အမျိုးမျိုး )

Roll-Up ရိုလာ ခြင်လုံဇကာ

Magnetic သံလိုက် ခြင်လုံဇကာ

Motorized Insect Screen

(Remote Control ဖြင့်ထိန်းချုပ်သောစနစ်)

MR.SCREEN

ကောင်းမွန်သော အရည်အသွေး

ကျွမ်းကျင်သော တပ်ဆင်ရေးဝန်ထမ်း

( အဆင့်မြင့် လိုက်ကာ အမျိုးမျိုး )

Roller Blind

Vertical Blind

Motorized Blind

(Remote Control ဖြင့်ထိန်းချုပ်သောစနစ်)

Show Room : NO 001 , 8 / North , Lay Daung Kan Street, Tarmwe Lay Ward,Near ILBC and SUPER ONE Supermarket, Yangon , Myanmar ,
PH : 01 400434, 09 45 130 9011, 09 45 130 9012

https://www.facebook.com/Mr-Screen-689060624528879/

ကြေးမုံ စာတည်းရှုထောင့် ၁၁-၃-၂၀၁၆၊ သောကြာနေ့

# ဘဝတစ်ဆင့် အဆင့်မြင့်ဖြေဆို

အခြေခံပညာရေးတွင်အမြင့်ဆုံးဖြစ်သည့် အထက်တန်းအဆင့် တက္ကသိုလ်ဝင်စာမေးပွဲများကို မြန်မာနိုင်ငံတစ်ဝန်းမှ မြို့နယ်အသီးသီးရှိ စာစစ်ဌာနများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဝင်ရောက်ဖြေဆိုလျက်ရှိသည်ကို မြင်တွေ့ရသည်။

စာစစ်ဌာနအသီးသီးတွင် ကျောင်းသား၊ ကျောင်းသူများစိတ်ချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်၊ ဆရာမများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ သက်ဆိုင်ရာကျောင်းများမှ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများက ကြည့်ရှုစောင့်ရှောက်ပေးလျက်ရှိသည်ကိုလည်း မြင်တွေ့ရသည်။

ထိုသို့ဆောင်ရွက်ပေးခြင်းသည် စာမေးပွဲဖြေဆိုကြသည့် ကျောင်းပတ်ဝန်းကျင်တွင် လုံခြုံမှုရှိစေရေး၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ အနှောင့်အယှက်များကင်းစေရေး၊ စာမေးပွဲဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးတို့အပြင် မိမိတို့၏စာမေးပွဲကို စိတ်နှလုံးချမ်းမြေ့စွာဖြင့် ပျော်ရွှင်စွာဖြေဆိုနိုင်ရန်အတွက် လိုအပ်သည်များကို ကူညီနိုင်ရန်ဖြစ်သည်။

တက္ကသိုလ်ဝင်ကျောင်းသား၊ ကျောင်းသူများသည် အခြေခံပညာအဆင့်တွင် နောက်ဆုံးအဆင့်အတန်းဖြစ်သည့်အပြင် ထိုစာမေးပွဲကိုကျော်လွှန်အောင်မြင်ပါက မိမိတို့ဘဝ၏တစ်ဆစ်ချိုးအပြောင်းအလဲတစ်ခုကို ရောက်ရှိနိုင်မည်ဖြစ်၍ ထိုအတန်းအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဖြေဆိုကြသည်။ စာမေးပွဲအောင်မြင်ပါက အဆင့်မြင့်ပညာကို ဆက်လက်သင်ယူလိုသည်ဖြစ်စေ၊ မိမိတို့နှစ်သက်ရာအလုပ်အကိုင်များကိုဖြစ်စေ ဆက်လက်ရွေးချယ်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများမှာ ၎င်းတို့ဘဝအတွက် အရေးကြီးသော အဆိုပါစာမေးပွဲကို နှစ်ချင်းပေါက်အောင်မြင်လိုကြသဖြင့် အပင်ပန်းခံကာကြိုးပမ်းအားထုတ်ကြသည်။ ဝေးလံသောဒေသများမှ လာရောက်ဖြေဆိုကြသော ကလေးငယ်များမှာ ကျန်းမာရေးကောင်းမွန်ရန်လိုအပ်သဖြင့် ထိုကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်ကူညီပေးရန်လည်း လိုအပ်သည်။ ကျန်းမာရေးမကောင်းသူများအတွက် ဆေးရုံစာစစ်ဌာနများကိုလည်း သက်ဆိုင်ရာနယ်မြေအလိုက် ဖွင့်လှစ်ပေးထားသည်။

တက္ကသိုလ်ဝင်စာမေးပွဲအတွက် အထူးအရေးကြီးသည်မှာ ယခုနှစ်အတန်းငယ်စာမေးပွဲအချို့တွင် ဖြစ်ပေါ်ခဲ့သည့် မေးခွန်းပေါက်ကြားမှု၊ မှားယွင်းမှုမျိုးမဖြစ်ပွားစေရေးဖြစ်သည်။ မေးခွန်းပေါက်ကြားမှုမရှိစေရန်အတွက် ပညာရေးဝန်ကြီးဌာနက မေးခွန်းများလုံခြုံစေရန် အထူးအစီအမံများ အထပ်ထပ်ဆောင်ရွက်ပေးထားသည်ဟု သိရသဖြင့် စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စိတ်အေးရပေသည်။

ထို့အပြင် စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ လက်ဝယ်သို့ ရောက်ရှိလာတတ်သည့် ခန့်မှန်းမေးခွန်းများကို မယုံကြည်မိရန်လိုသည်။ အဆိုပါခန့်မှန်းမေးခွန်းများကို ယုံကြည်ပြီးဖြေဆိုရာ၌ ခန့်မှန်းချက်နှင့် လွဲချော်ပါက နစ်နာမည်မှာ ကျောင်းသား၊ ကျောင်းသူများပင်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိကိုယ်သာမိမိအားကိုးပြီး ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့် စာမေးပွဲအောင်မြင်အောင် ကြိုးစားရမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းများကို အဆင့်မြင့်ပညာဦးစီးဌာနက သင်ရိုးညွှန်းတမ်းနှင့်အညီ မေးခွန်းထုတ်ထားခြင်းဖြစ်ပြီး တစ်နှစ်တာလုံး မိမိတို့ကျောင်းမှ ဆရာ၊ ဆရာမများသင်ကြားပေးထားသော ကျောင်းသင်ခန်းစာများကို ကုန်စင်အောင်ကျက်မှတ်လေ့လာဆည်းပူးခဲ့မည်ဆိုပါက မည်သည့်ခန့်မှန်းမေးခွန်းများကိုမှ လိုက်စားရန်မလိုဘဲ စာမေးပွဲမေးခွန်းများကို ချောချောမွေ့မွေ့ဖြေဆိုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ အခြေခံပညာအဆင့် တက္ကသိုလ်ဝင်စာမေးပွဲများကို နိုင်ငံအနှံ့တွင် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိရာ သက်ဆိုင်ရာတို့က စနစ်တကျဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိနေချိန်တွင် ကျောင်းသား၊ ကျောင်းသူများကလည်း အားတက်သရောကြိုးပမ်းဖြေဆိုကြရန် တိုက်တွန်းအပ်ပါသည်။ ။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် မတ် ၁၀**

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် မတ် ၇ ရက်က ပုဂံရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း၊ ယူနက်စကို၏အရေးပေါ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စူဠာမဏိဘုရား၊ လောကထိပ်ပန်ဘုရား၊ လောကဥဿျှောင်ဘုရား၊ တောင်ဂူနီဘုရားနှင့် အပါယ်ရတနာဘုရားတို့၏ နံရံများအတွင်း ရေစိမ့်ဝင်မှုမရှိအောင် ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းနှင့် အင်္ဂတေပန်းတော့၊ စဉ့်ကွင်းစဉ့်ချပ်၊ နံရံဆေးရေးပန်းချီများအား ရှေးမူလက်ရာမပျက် ကြေးချွတ်သန့်စင်ခြင်းလုပ်ငန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မတ် ၈ ရက်က ပုဂံမြို့သစ်မြို့လယ်ခမ်းမရုံ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ဂေါပကများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများကို တွေ့ဆုံပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဆောက်အအုံများ ထိန်းသိမ်းရေး၊ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေးအတွက် ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်းစဉ်နှင့် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးလုပ်ငန်းစဉ်တို့ကို အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းနီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးဖြေကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အိန္ဒိယနိုင်ငံအစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် အာနန္ဒာဘုရားကို ပြုပြင်မွမ်းမံထိန်းသိမ်းရေးဆောင်ရွက်ပေးလျက်ရှိသည့် Archaeology Survey of India (ASI)အဖွဲ့နှင့်အတူ စူဠာမဏိဘုရားကို ကွင်းဆင်းစစ်ဆေးပြီး ဦးစားပေးဆောင်ရွက်ရမည့် ထိန်းသိမ်းရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ချင်းပြည်နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာ ဖြေဆိုလျက်ရှိ

**ဟားခါး မတ် ၁၀**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယမန်နေ့နံနက် ၉ နာရီမှစ၍ တစ်နိုင်ငံလုံးတွင် စတင်ဖြေဆိုလျက်ရှိရာ ချင်းပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ စာစစ်ဌာနများတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ၂၃ ခု ဖွင့်လှစ်ကာ စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၁၁၈၈ ဦးအနက် ၉၈၄၃ ဦး ဖြေဆိုလျက်ရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရာသီစာပိန္နဲသီးနှများ ဈေးကောင်းရရှိ

**ပေါင် မတ် ၁၀**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရာသီစာပိန္နဲသီးနှများ လှိုင်လှိုင်ပေါ်ထွက်လျက်ရှိရာ ဈေးကောင်းရရှိ၍ ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

ပိန္နဲသီးပင်များကို ဥယျာဉ်ခြံမြေနှင့် အိမ်ဝိုင်းမြေများရှိ စည်းရိုးများတွင် နှစ်ရှည်ပင်များအဖြစ် စိုက်ပျိုးထားကြပြီး သုံးနှစ်မှ ငါးနှစ်ခန့်တွင် ဆွတ်ခူး ရောင်းချစားသောက်နိုင်သည်။ ပိန္နဲသီးများတွင် အိမ်ပျော့နှင့် အိမ်မာ(အကြွပ်)ဟု နှစ်မျိုးခွဲထားပြီး အိမ်မာ(အကြွပ်)မျိုးကို ရင့်မှည့်သည်အထိ ထားရှိပြီး အသီးအရွယ်ပေါ်မူတည်၍ တစ်လုံးကို ငွေကျပ် ၂၀၀၀ မှ ၆၀၀၀ ထိ ဈေးကောင်းရရှိသည်။

ပိန္နဲသီးအိမ်ပျော့မှာ အရွယ်အစားပေါ်မူတည်၍ တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ မှ ၁၅၀၀ ထိရရှိပြီး တစ်ဆင့်ခံ ဝယ်ယူရောင်းချသူများက အစိတ်ငယ်များ စိတ်၍ ပြန်လည်ရောင်းချလျှင် တစ်လုံးကို ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ အထိ ပြန်လည်ရရှိကြသည်။

ပေါင်မြို့နယ်မှထွက်ရှိသော ပိန္နဲသီးနှများကို မော်လမြိုင်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိရာ ပိန္နဲပင်စိုက်သူများ ဈေးကောင်းရရှိ၍ ဝင်ငွေကောင်း လျက်ရှိကြောင်း သိရ သည်။

**ပေါင်မြို့နယ်(ပြန်/ဆက်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁၀**

ရန်ကုန်(ရွှေဈေး) ၇၉၅၀၀၀ - ၇၉၅၀၀၀ မန္တလေး(ရွှေဈေး) ၇၉၄၅၀၀ - ၇၉၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၀၀/၅၂၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၀၀/၇၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၂၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၀၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၄၅ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၇၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၉. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၃၈. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၇. ၁၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၄. ၅၃၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၆. ၃၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၁၅၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၇၆. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၀. ၇၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၁. ၀၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၁. ၉၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့ ရွှေတိဂုံပုံတူ သန္တိကရစေတီတော်မြတ်ကြီး ရွှေထီးတော်တင်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၀**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့တွင် ရောက်ရှိနေသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တ အရှင်ဉာဏိဿရ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့သည် မတ် ၈ ရက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ပန်ဆောင်မြို့သို့ ဆက်လက်ထွက်ခွာ၍ပန်ဆောင်မြို့ရှိ ရွှေတိဂုံပုံတူ သန္တိကရစေတီတော်မြတ်ကြီး၏ ရွှေထီးတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါမင်္ဂလာအခမ်းအနားသို့ သီတဂူဆရာတော်ကြီး ဦးဆောင်သည့် လီဒိုဆရာတော်နှင့် တောင်တန်းသာသနာပြုဆရာတော်များ၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှူစံကြူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဒေသခံ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ထို့နောက် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းမှူးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှူစံကြူးနှင့် ဧည့်ပရိသတ်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို ပင့်ဆောင်လျက် စေတီတော်အား လက်ယာရစ်လှည့်လည် ပူဇော်ကြပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို မင်္ဂလာရထားပျံဖြင့် ထုံးတမ်းစဉ်လာများနှင့်အညီ တင်လှူပူဇော်ကြရာ ဆရာတော်၊ သံဃာတော်များက ဇယန္တော ဗောဓိယာမူလေ အစရှိသော ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားကို ကျင်းပရာ သီတဂူဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ပန်ဆောင်မြို့ရှိ ရွှေတိဂုံပုံတူ သန္တိကရစေတီတော်မြတ်ကြီးသည် ဉာဏ်တော် ၃၇ တောင်၊ အမြင့် ၅၅ ပေခွဲရှိပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဦးဆောင်၍ စေတနာရှင် ဘုရားဒါယကာ၊ ဒါယိကာမများ၏ လှူဒါန်းမှုဖြင့် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပန်ဆောင်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ လဟယ်မြို့သို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လဟယ်မြို့ပြည်သူ့ဆေးရုံ ခွဲစိတ်ဆောင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှူစံကြူးနှင့် မြို့နယ်ဆရာဝန်တို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်၍ ပြည်ထောင်စုဝန်ကြီးက လဟယ်မြို့ ပြည်သူ့ဆေးရုံခွဲစိတ်ဆောင်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ ပြည်သူ့ဆေးရုံ ခွဲစိတ်



ဆောင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် မီးသတ်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီး ဦးတင်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် လဟယ်မြို့ မြို့ပြနှင့် အိမ်ရာဦးစီးဌာန ဝန်ထမ်းအိမ်ရာအဆောက်အအုံများ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးဝန်ကြီး ဦးတင်ဝင်းနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှူစံကြူးတို့က ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့သည် လဟယ်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ခန္တီးမြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၀**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးမောင်သည် မကွေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးရေးဝန်ကြီး ဦးမြင့်နိုင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက် ၉ နာရီတွင် ပခုက္ကူမြို့နယ် ခြောက်ဦးသားကျေးရွာအခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ပြီး ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ ပညာသင်ကြားမှု အခြေအနေများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး ကျောင်းစာကြည့်တိုက်အတွက် စာစောင်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။





ထို့နောက် နံနက် ၁၁ နာရီတွင် ကွေ့ဒေါင့်ကျေးရွာအုပ်စု အောင်သာကျေးရွာ ဆိုလာမီးလင်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဆိုလာမီးရရှိပြီဖြစ်သည့်အတွက် ကျောင်းသားများ စာပေကြည့်ရှုနိုင်ခြင်း၊ နေ့အပူချိန်ပြင်းထန်မှုကြောင့် ရပ်နားထားရသည့် အလုပ်များ ညဘက်တွင် ဆက်လက်လုပ်ကိုင်နိုင်ခြင်း၊ ရုပ်မြင်သံကြားကြည့်ရှုကာ ဗဟုသုတရှာဖွေခြင်းနှင့် စိတ်လက်အပန်းဖြေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေကြောင်း ဆွေးနွေးပြောကြားပြီး ကျေးရွာသားတစ်ဦးက နိုင်ငံတော်အစိုးရအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ အောင်သာကျေးရွာ ဆိုလာမီးလင်းရေးအား နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် Seebest Myanmar ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကျေးရွာအိမ်ထောင်စု ၁၃၁ စုအတွက် လုပ်ငန်း ၅၂ စုံ ဆိုလာမီး ၁၁၉ လုံး မီးအလင်းရရှိရေး ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ရေစကြိုမြို့ အမှတ်(၅) ရပ်ကွက်ရှိ မြို့မစာကြည့်တိုက်၊ အမှတ်(၈)ရပ်ကွက်ရှိ ဗလငါးတန်စာကြည့်တိုက်၊ ဆင်တန့်နားကျေးရွာစာကြည့်တိုက်နှင့် အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် စာကြည့်တိုက်တို့သို့ စာအုပ်၊ စာစောင်၊ ဂျာနယ်မျိုးစုံကို ပေးအပ်လှူဒါန်းသည်။

**(သတင်းစဉ်)**

## ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၁၁**

၂၀၁၆ ခုနှစ် မတ် ၁၁ ရက်တွင် ကျရောက်သော လစ်သူယေးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လစ်သူယေးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လင်နာ့စ် လင့်ခ်ဗီးစီးယို့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီးဦးမြင့်နောင် သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၁၁**

ဟယ်လင်းနစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်နောင်သည် ၎င်း၏ခန့်အပ်လွှာကို မတ် ၂ရက်တွင် အေသင်မြို့၌ ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရိုကိုပီစ် ပါဗလိုပူလော့စ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီးဦးအောင်ခင်စိုး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၁၁**

ဘူတန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ခင်စိုးသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ဖေဖော်ဝါရီ ၂၉ရက်တွင် သင်ဖူးမြို့၌ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ် ဂျင်မီခေဆာ နမ်းဂျဲလ်ဝမ်ချွတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး တောင်သူများအား ပညာပေးသင်တန်းပို့ချ

**ဆဒုံး မတ် ၁၀**

ကချင်ပြည်နယ် ဆဒုံးမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာရှိ တောင်သူများ စိုက်ပျိုးနည်းစနစ်မှန်ကန်စေရန် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး တောင်သူများ ပညာပေးသင်တန်းပို့ချမှုကို ယနေ့နံနက် ၁၀ နာရီတွင် ရပ်ကွက်(၂) အုပ်ချုပ်ရေးမှူးရုံးခန်း၌ သင်တန်းပို့ချခဲ့သည်။

အဆိုပါ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး တောင်သူများသင်တန်းပို့ချမှုကို စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်က တောင်ပေါ်ဒေသနှင့် ကိုက်ညီမှုရှိသည့် စိုက်ပျိုးသီးနှံများ၊ စိုက်ပျိုးနည်းစနစ်များ၊ ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲနည်း၊ စပါးအထွက်တိုးကောင်းသည့် မျိုးစပါးများ၊ GAP စနစ်စိုက်ပျိုးနည်း၊ နှစ်ရှည်သီးနှံစိုက်ပျိုးနည်းစနစ်များ စိုက်ပျိုးရေးပညာပေး လက်ကမ်းစာစောင်များ ပေးခြင်းဖြင့် သင်တန်းပို့ချပြီး တောင်သူများက သိလိုသည့်စိုက်ပျိုးရေးအကြောင်းများကို မေးမြန်းခြင်းဖြင့် ဆွေးနွေးကြသည်။ တောင်သူများ ပညာပေးသင်တန်းပို့ချမှုတွင် ရပ်ကွက်၊ကျေးရွာများမှ သင်တန်းသား ၅၀ တက်ရောက်ကြောင်းသိရသည်။

**ဆဒုံး(မြန်/ဆက်)**

# ငြိမ်းချမ်းရေးဆွေးနွေးပွဲအစီအစဉ် အပြုသဘောဆောင်ဟု ဆီးရီးယားအတိုက်အခံအဖွဲ့ ပြော



အတိုက်အခံစေ့စပ်ဆွေးနွေးရေးကော်မတီ၏ ပြောရေးဆိုခွင့်ရှိသူ ဆာလမ်အယ်မူဆာလက်။

**ဘေရွတ် မတ် ၁၀**

ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရန် ကုလသမဂ္ဂ၏ အဆိုပြုချက်သည် အပြုသဘောဆောင်သည်ဟု ဆီးရီးယားအဓိကအတိုက်အခံအဖွဲ့အစည်းက ပြောကြားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ကျင်းပမည့် ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ မိမိ၏အဖွဲ့တက်ရောက်ရေးကိစ္စနှင့်ပတ်သက်၍ မကြာမီ ဆုံးဖြတ်မည်ဖြစ်ကြောင်း အတိုက်အခံစေ့စပ်ဆွေးနွေးရေးကော်မတီ၏ ပြောရေးဆိုခွင့်ရှိသူ ဆာလမ် အယ်မူဆာလက်က ပြောကြားသည်။

ဆီးရီးယားနိုင်ငံ၌ နိုင်ငံရေးအသွင်ကူးပြောင်းမှု စတင်နိုင်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်ရန် ကုလသမဂ္ဂ အထူးသံတမန် စတက်ဖင်ဒီ မစ္စတူရာက ပြောကြားခဲ့သည်။

ထိုစဉ်အတွင်း ဆီးရီးယားနိုင်ငံ ဟာမားပြည်နယ်၌ သူပုန်တပ်ဖွဲ့ဝင်များက အစိုးရတပ်စခန်းများကို တိုက်ခိုက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ငလျင်ကြိုတင်အချက်ပေးစနစ် တရုတ်(တိုင်ပေ)တွင် စတင်စမ်းသပ်မည်

**တိုကျို မတ် ၁၀**

ဂျပန်လျှပ်စစ်ကုမ္ပဏီ(အင်န်အီးစီ)က ၎င်း၏ငလျင်ကြိုတင်အချက်ပေးစနစ်စမ်းသပ်မှုကို တရုတ်(တိုင်ပေ)တွင် ပထမဦးဆုံးစတင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

အင်န်အီးစီနှင့်တရုတ်(တိုင်ပေ)တို့အကြား အဆိုပါစမ်းသပ်မှုဆိုင်ရာစာချုပ်တစ်ရပ်ကို ယခုနှစ်နှောင်းပိုင်းတွင် ချုပ်ဆိုမည်ဖြစ်သည်။

လွန်ခဲ့သောလအတွင်း တရုတ်(တိုင်ပေ)တွင် လှုပ်ခတ်ခဲ့သည့် ရစ်ချ်စတာစကေး ၆ ဒသမ ၄ ရှိသော ငလျင်ကို သုတေသနပြုပေးရန် တရုတ်(တိုင်ပေ)၏ ရာသီဥတုအာဏာပိုင်များက အင်န်အီးစီကို တောင်းဆိုထားသည်။

စက်တင်ဘာလတွင် အဆိုပါစနစ်ကို စတင်စမ်းသပ်နိုင်ရန် သက်ဆိုင်သည့်ဆော့ဖ်ဝဲများကို ဖန်တီးလျက်ရှိသည်။

ဂျပန်မိုးလေဝသနှင့်ဇလဗေဒအေဂျင်စီက ငလျင်တစ်ခုမလှုပ်ခတ်မီ ရုပ်သံလိုင်းများအပါအဝင် မီဒီယာများမှတစ်ဆင့် သတင်းထုတ်ပြန်ပေးသည့်စနစ်ကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

ငလျင်အများဆုံးလှုပ်ခတ်လေ့ရှိသော ဒေသများဖြစ်သည့် တောင်အမေရိကနှင့် အာရှနိုင်ငံများတွင်လည်း အဆိုပါစနစ်အတွက် ရောင်းအားမြှင့်တင်ရန် အင်န်အီးစီက ရည်ရွယ်ထားကြောင်းသိရသည်။ **အင်န်အိတ်ချ်ကေ။**



၂၀၁၃ ခုနှစ်တွင် ထိုင်းရေတပ်က လက်ခံရရှိခဲ့သည့် ကင်းလှည့်ရေယာဉ်တစ်စင်း။

# ကမ်းလွန်ကင်းလှည့်ရေယာဉ်များ ထိုင်းရေတပ် တည်ဆောက်မည်

**ဗန်ကောက် မတ် ၁၀**

၂၀၁၈ ခုနှစ်တွင် ကျရောက်မည့် ထိုင်းဘုရင်မင်းမြတ်၏ သက်တော်(၉၀)ပြည့် အထိမ်းအမှတ်အဖြစ် ထိုင်းရေတပ်သည် ကမ်းလွန်ကင်းလှည့် ရေယာဉ်သုံးစင်းတည်ဆောက်ရန် အစီအစဉ်ရှိကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကမ်းလွန်ကင်းလှည့်ရေယာဉ် သုံးစင်းကို ဗန်ကောက်မြို့ရှိ ထိုင်းရေတပ်ဖွဲ့ မဟီဒေါအဒူလျာဒက် ရေတပ်သင်္ဘောကျင်းတွင် တည်ဆောက်မည်ဖြစ်သည်။ ရေယာဉ်သုံးစင်းတည်ဆောက်မှုအတွက် အမေရိကန် ဒေါ်လာ ၁၃၈ သန်း ကုန်ကျမည်ဖြစ်ကြောင်း၊ ရေယာဉ်သုံးစင်းကို ၂၀၁၈ နှစ်တွင် အပြီးအစီးတည်ဆောက် သွားရန် အစီအစဉ်ရေးဆွဲထားကြောင်း ထိုင်းရေတပ် ဒုတိယစစ်ဦးစီးချုပ် ဂျမ်ပိုလမ်ပိလန်နစ်က အတည်ပြုပြောကြားသည်။

တန်ချိန် ၁၉၆၀ ရှိ ကမ်းလွန်ကင်းလှည့်ရေယာဉ်များကို ၂၀၁၃ ခုနှစ်တွင် ရေတပ်၌ ဖြန့်ကြက်ခဲ့သည်။ အိတ်ချ်တီအမ်အက်စ် ကရာဘီရေယာဉ်၏ မူလပုံစံအပေါ် အခြေပြုကာ တည်ဆောက်မည်ဟု ၎င်းက ပြောကြားသည်။

၂၀၁၈ ခုနှစ်တွင် ကျရောက်မည့် ထိုင်းဘုရင် မင်းမြတ် ဘူမိဘောအဒူလျာဒက်၏ သက်တော်(၉၀) ပြည့်အထိမ်းအမှတ်အခမ်းအနား အစိတ်အပိုင်းတစ်ရပ်အဖြစ် ယင်းကင်းလှည့်ရေယာဉ်သစ်များကို ၂၀၁၈ ခုနှစ်တွင် တပ်တော်ဝင်ပွဲကျင်းပမည်ဟု ၎င်းက ပြောကြားသည်။

အိတ်ချ်တီအမ်အက်စ် - ကရာဘီကင်းလှည့် ရေယာဉ်အား ဗြိတိသျှအေဘီအီးကုမ္ပဏီ၏ ကြီးကြပ်မှုဖြင့် ထိုင်းရေတပ်သင်္ဘောကျင်းတွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းကင်းလှည့်ရေယာဉ်တွင် ၇၆ မီလီမီတာ၊ ၃၀ မီလီမီတာ စက်အမြောက်များ၊ ဟာပွန်းအမျိုးအစား ရေပြင်မှ ရေပြင်ပစ်ဒုံးကျည်များနှင့် ဆူပါလင်းနော့အမျိုးအစား ရဟတ်ယာဉ်တစ်စင်း ဆင်းသက်နိုင်သော ရဟတ်ယာဉ်ဆင်းကွင်းလည်းပါဝင်သည်။ **ဆင်ဟွာ။**

# ကမ်းတက်ရေယာဉ်သစ်သုံးစင်း တရုတ်ရေတပ်၌ တစ်ရက်တည်းရေချ

**ပေကျင်း မတ် ၁၀**


တရုတ်နိုင်ငံ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်သည် လျှို့ဝှက်စစ်ဆင်ရေးလုပ်ငန်း၌ အသုံးပြုနိုင်သော ကမ်းတက်ရေယာဉ်သစ်သုံးစင်းကို တစ်ရက်တည်း ရေချခဲ့ကြောင်း မတ် ၁၀ ရက်က ထုတ်ပြန်သည့် စစ်ဘက်ဆိုင်ရာကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အရှေ့ပင်လယ်ရေတပ်ရေယာဉ်စုထံသို့ ကမ်းတက် ရေယာဉ်သစ်သုံးစင်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

တရုတ်ရေတပ်က တစ်ရက်အတွင်း စစ်ရေယာဉ်သုံးစင်းရေချပွဲပြုလုပ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပြီး ရေတပ်တပ်ဖွဲ့ဝင်များ၏ ကုန်း၊ ရေနှစ်သွယ်စစ်ဆင်ရေးဆောင်ရွက်နိုင်မှုစွမ်းပကားကို ပြသရာရောက်ကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါကမ်းတက်ရေယာဉ်များကို တရုတ်ပြည်တွင်း၌ တည်ဆောက်ခဲ့ပြီး ကမ်းတက် စစ်ဆင်ရေးလုပ်ငန်းအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း စစ်ရေယာဉ်မှူး ဝူမင်းဟွေက ပြောကြားသည်။ တရုတ်ရေတပ်သို့ ၂၀၁၂ ခုနှစ်နောက်ပိုင်း လေယာဉ်တင် သင်္ဘောကြီးတစ်စင်းအပါအဝင် စစ်ရေယာဉ်များနှင့် ရေငုပ်သင်္ဘောများ အစင်းပေါင်း ၁၀၀ ထက်မနည်းကို လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

**ပီတီအိုင်။**



# ၂၀၃၀ ခုနှစ်မတိုင်မီ နီပေါကလေးငယ်များ လက်ထပ်ထိမ်းမြားခြင်းကင်းရှင်းရန် အမျိုးသမီးထိပ်သီးအစည်းအဝေး ကျင်းပမည်




**ခတ္တမန္ဒူ မတ် ၁၀**

နီပေါနိုင်ငံအတွင်း အရွယ်မရောက်သေးသော ကလေးငယ်အချင်းချင်း လက်ထပ်ထိမ်းမြားခြင်းများ ၂၀၃၀ ခုနှစ်မတိုင်မီ ပပျောက်ကင်းရှင်းသွားစေရန် ရည်ရွယ်ပြီး ပထမဆုံးသော နီပေါအမျိုးသမီးများ ထိပ်သီးအစည်းအဝေးကို မတ် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါအရွယ်မရောက်သေးသောကလေးငယ်များ လက်ထပ်ထိမ်းမြားခြင်းပပျောက်ရေးအတွက် ကျင်းပသည့် နီပေါအမျိုးသမီးများ ထိပ်သီးအစည်းအဝေးကို နီပေါအမျိုးသမီး၊ ကလေးငယ်နှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနက ကမကထပြုလုပ်မည်ဖြစ်ပြီး နီပေါအစိုးရအပါအဝင် ဗြိတိန်အစိုးရနှင့် ကုလသမဂ္ဂကမ္ဘာ့ကလေးများရံပုံငွေအဖွဲ့(ယူနီဆက်)တို့က ပါဝင်ကူညီထောက်ပံ့ကြမည်ဖြစ်သည်။

နိုင်ငံ၏စာရင်းဇယားများအရ အသက် ၁၀ နှစ်မှ ၁၉ နှစ်အရွယ် နီပေါအမျိုးသမီး ၁ ဒသမ ၃ သန်းကျော်သည် လက်ထပ်ထိမ်းမြားရန် စေ့စပ်ထားခြင်းခံထားရပြီး အသက် ၁၅ နှစ်မှ ၁၉ နှစ်အရွယ် နီပေါအမျိုးသမီး ၂၄ ဒသမ ၅ ရာခိုင်နှုန်းသည် လက်ထပ်ထိမ်းမြားပြီးဖြစ်ကြောင်း သိရသည်။

ခရိုင် ၁၅ ခုတွင်လည်း ယင်းကိစ္စဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲများကို ကျင်းပမည်ဖြစ်သည်။ အဆိုပါဆွေးနွေးညှိနှိုင်းပွဲများနှင့် နီပေါအမျိုးသမီးများ ထိပ်သီးအစည်းအဝေးပွဲသို့ လူငယ်များ၊လူမှုအဖွဲ့အစည်းများ၊ အမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူများ၊ ဘာသာရေးခေါင်းဆောင်များသာမက အစိုးရအရာရှိများ၊ နိုင်ငံတကာခေါင်းဆောင်များနှင့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် လန်ဒန်မြို့တွင် ပထမဆုံးအမျိုးသမီးထိပ်သီးအစည်းအဝေးပွဲ ကျင်းပခဲ့သည့်အချိန်မှစပြီး အီသီယိုးပီးယား၊ ဘင်္ဂလားဒေ့ရှ်နှင့် ယူဂန်ဒါနိုင်ငံတို့တွင် ၎င်းတို့ရိုးရာဓလေ့ထုံးတမ်းစဉ်လာကိစ္စရပ်များနှင့် ပတ်သက်ပြီး ညှိနှိုင်းအစည်းအဝေးပွဲများ ကျင်းပလျက်ရှိသည်။ **ဆင်ဟွာ။**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)တွင် ဓာတ်အားခွဲရုံတည်ဆောက်လျက်ရှိ

**ရန်ကုန် မတ် ၁၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် တာဝန်ရှိသူများနှင့်အတူ မတ် ၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် တည်ဆောက်လျက်ရှိသော 230/66/11 KV(2x125) MVA (GIS) ဓာတ်အားခွဲရုံသို့ ရောက်ရှိသည်။

ရှေးဦးစွာ တာဝန်ရှိသူများက 230/66/11 KV (2x125) MVA(GIS) ဓာတ်အားခွဲရုံ တည်ဆောက်ရေးနှင့်ပတ်သက်၍ မြို့ပြဆိုင်ရာလုပ်ငန်းပြီးစီးမှုအခြေအနေနှင့် ဓာတ်အားခွဲရုံ ပိုင်းဆိုင်ရာလုပ်ငန်းများအတွက် Control Building တည်ဆောက်ပြီးစီးမှု၊ Transformer တပ်ဆင်ပြီးစီးမှုနှင့် GIS ပစ္စည်းများ တပ်ဆင်ပြီးစီးမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက GIS ဓာတ်အားခွဲရုံသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး တည်ဆောက်သည့် 230/66/11 KV (2x125)MVA ဓာတ်အားခွဲရုံကြီးဖြစ်ကြောင်း၊ နိုင်ငံခြားသားပညာရှင် အထောက်အကူဖြင့် ဆောင်ရွက်လျက်ရှိရာ ခွဲရုံရှိအင်ဂျင်နီယာများအနေဖြင့် ပညာကြိုးစားရယူရန် လိုကြောင်း၊ နောင်တည်ဆောက်မည့် GIS ခွဲရုံများကို မိမိတို့ကိုယ်တိုင် ဦးဆောင်တည်ဆောက်နိုင်သည်အထိ တတ်ကျွမ်းအောင် လေ့လာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သတ်မှတ်ကာလအတွင်း စီမံကိန်းအချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရေးတို့ကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားခွဲရုံအတွင်း တပ်ဆင်တည်ဆောက်ထားသော GIS Switch Gear များ Transformer များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး Control Room အတွင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယခု တည်ဆောက်လျက်ရှိသော 230/66/11 KV (2x125) MVA (GIS) ဓာတ်အားခွဲရုံသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးတည်ဆောက်သော ခေတ်မီဓာတ်အားခွဲရုံတစ်ခုဖြစ်ပြီး အဆိုပါ ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရွှေပေါက္ကံမြို့နယ်၊ ဝေဘာဂီမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်တို့သို့ 66 KV ဖီဒါ လေးခုဖြင့် ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GIS နည်းပညာသုံးဓာတ်အားခွဲရုံအနေဖြင့် ဖွဲ့စည်းပုံကျစ်လျစ်သဖြင့် မြေနေရာ အခက်ခဲရှိသည့် မြို့တွင်းနေရာ၊ တောင်တန်းဒေသ၊ ပင်လယ်ကမ်းရိုးတန်းနှင့် မြေအောက်နေရာများတွင် တည်ဆောက်ရန် အထူးသင့်လျော်ကောင်းမွန်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုဖြစ်နိုင်ခြေနည်းပြီး ဓာတ်အားပို့လွှတ်ရာတွင် သမားရိုးကျစနစ်ထက် ပို၍စိတ်ချရခြင်း၊ ဓာတ်အားခွဲရုံတွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် အန္တရာယ်ကင်းဝေးစေခြင်း၊ ကြွေသီးအသုံးပြုမှုနည်းသဖြင့် ပိုမိုပြင်းထန်သော မြေငလျင်ဘေးဒဏ် ပိုမိုခံနိုင်ရည်ရှိခြင်း၊ ဓာတ်အားခွဲရုံအတွင်း တပ်ဆင်ရသော အစိတ်အပိုင်းများ၏ နည်းပညာမြင့်မားခြင်းကြောင့် ဓာတ်အားပျောက်ဆုံးမှု ပိုမိုနည်းပါးစေခြင်း၊ 230/66/11 KV ဒဂုံ(အရှေ့) (GIS) ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရာတွင် ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆၉၄ သန်းခန့်ရှိပြီး တည်ဆောက်ရေးစရိတ် ၁၁၂၅၆ ဒသမ ၆၉ သန်းရှိ၍ ကနဦးကုန်ကျစရိတ် အနည်းငယ်များသော်လည်း နှစ်စဉ်ပြုပြင်ထိန်းသိမ်းစရိတ် အလွန်နည်းပါးသည့်အတွက် ရေရှည်တွင် များစွာပိုမို အကျိုးရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လှော်ကားရေပိုက်လိုင်းပြုပြင်မှု သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီး မူလအတိုင်း ရေပြန်လည်ပေးဝေ

**ရန်ကုန် မတ် ၁၀**

ရန်ကုန်မြို့တွင်းသို့ ရေပေးဝေသည့် လှော်ကားရေပိုက်လိုင်းကို သတ်မှတ်ကာလထက်ဆောလျင်စွာ ပြုပြင်ပြီးစီး၍ မူလအတိုင်းရေပြန်လည်ပေးဝေနေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ သိရသည်။

လှော်ကားမှ ရန်ကုန်မြို့တွင်းသို့ ရေပေးဝေနေသည့် ရေပိုက်လိုင်းသည် ယင်းဖြတ်သန်းရာ လမ်းဖြစ်သည့် မရမ်းကုန်းမြို့နယ် အမှတ်(၄) ရပ်ကွက်ရှိ ဂျီအီးတပ်ဝင်းအတွင်း၌ မတ် ၇ ရက် ညနေ ၄ နာရီခန့်က ပိုက်ပေါက်သွားသဖြင့် သက်ဆိုင်ရာက ရေပေးဝေမှုကိုပိတ်၍ အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

“အရင်က ဒီလိုရေပိုက်ကြီးတွေပေါက်ရင်အနည်းဆုံး သုံး၊ လေးရက်လောက်ပြင်ရတယ်။ အခုနောက်ပိုင်းမှာ အဆင်သင့်ဖာထေးပြုပြင်လို့ရအောင် ပိုက်ဆက်ဖို့ကြိုတင်ဒီဇိုင်းထုတ်ထားတာတွေ အဆင်သင့်ရှိတယ်။ ရေပိုက်လိုင်းပေါက်တယ်ဆိုတဲ့ သတင်းရတာနဲ့ လိုအပ်တဲ့ပစ္စည်းတွေယူပြီး လူအင်အားများများနဲ့ နေ့ညမပြတ် ဆောင်ရွက်ခဲ့တာကြောင့် သတ်မှတ်ရက်ထက်ဆောပြီး ရေပြန်လည်ပေးဝေနိုင်ခဲ့တာပါ”ဟု အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဒုတိယဌာနမှူး ဦးမျိုးသိန်းက ပြောသည်။

ရေပိုက်လိုင်းပြုပြင်နေစဉ် ကာလအတွင်း မင်္ဂလာဒုံ၊ အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ ရန်ကင်း၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ တာမွေ၊ ဗဟန်း၊ သာကေတ၊ ဗိုလ်တထောင်၊ ပန်းဘဲတန်းမြို့နယ်တို့ရှိ နေရာအချို့တွင် နှစ်ရက်ခန့် ရေပြတ်တောက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ခဲ့သည်။

ပြုပြင်ပြီးစီးရန် အချိန်ကာလကို ယခင် အတွေ့အကြုံများအရ တွက်ချက်၍ မတ် ၉ ရက် ညတွင် ရေပြန်လည်ပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သော်လည်း စက်ယန္တရားများအပြင် လူအင်အား ၅၀ ခန့်ဖြင့် နေ့ည ဆောင်ရွက်ခဲ့ရာ မတ် ၈ ရက် ညနေ ၆ နာရီခွဲခန့်တွင် အချို့မြို့နယ်များကို ရေပြန်လည်ပေးဝေနိုင်ခဲ့ပြီး နောက်ရက်တွင် ကျန်မြို့နယ်များအားလုံးကို မူလအတိုင်း ရေပြန်လည် ပေးဝေနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါရေပိုက်လိုင်းသည် လှော်ကားမှ ရေကူး(ရေစက်) အထိ အချင်း ၆၆ လက်မရှိပြီး ရေကူး(ရေစက်) နေရာမှ အချင်း ၄၂ လက်မရှိ ရေပိုက်လိုင်း အရွယ်အစားအဖြစ် ပြောင်းလဲ၍ သိမ်ဖြူနှင့် ဗိုလ်ချုပ်လမ်းထိပ်အထိ သွယ်တန်းထားကာ ရန်ကုန်မြို့တွင်းသို့ ရေပေးဝေလျက်ရှိသည်။ ယင်းရေပိုက်လိုင်းသည် ကွန်ကရစ်ပိုက်လိုင်း အမျိုးအစားဖြစ်ပြီး ပိုက်သက်တမ်းရင့်ခြင်းနှင့် လေခိုမှုများကြောင့် ထိုသို့ ပိုက်ပေါက်လေ့ရှိကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

# အားလပ်ရက် ကြားအဆင့် ဂေါက်သီးရိုက်သင်တန်းဖွင့်မည်

**ရန်ကုန် မတ် ၁၀**

ပျမ်းမျှရိုက်ချက် ၉၅ ချက်မှ ၁၀၅ ချက်အကြား ကစားနေသူများ ကစားမှုစွမ်းဆောင်ရည် အချိန်တိုအတွင်း တိုးတက်လာစေရန် ရည်ရွယ်လျက် Okkala Golf Range & Golf Academy မှ စီစဉ်သော Weekend Intermediate Course (အားလပ်ရက်ကြားအဆင့် ဂေါက်သီးရိုက်သင်တန်း)ကို မတ် ၁၉ ရက်မှစတင်၍ အဆိုပါလေ့ကျင့်ရေးကွင်း၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ယခုသင်တန်းမှာ စနေနေ့နှင့် တနင်္ဂနွေနေ့တို့၌သာ သင်ကြားပေးမည့်သင်တန်းဖြစ်ပြီး သင်တန်းကာလမှာ သုံးပတ်ဖြစ်သည်။ ယခုသင်တန်းကို ဥက္ကလာဂေါက် လေ့ကျင်ရေးကွင်း နည်းပြချုပ် ဦးဆန်းထွန်း (PGA Professional)နှင့်အတူ ဝါရင့်နည်းပြဆရာများက စာတွေ့လက်တွေ့စနစ်တကျသင်ကြားပေးမည်ဖြစ်ပြီး အသက်အရွယ်မရွေး မည်သူမဆို တက်ရောက်သင်ကြားနိုင်မည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် မတ်လ ၁၇ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ပြီး သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၀၆၂၂၄၇၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**(ဖိုးသော်ဇင်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးထိန်လွင်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်<br>ကွပ်ကဲရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ခ) | ဦးခင်မောင်ဝင်း<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>ရေအားလျှပ်စစ်စွမ်းအား<br>ထုတ်လုပ်ရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ဂ) | ဦးသန်းနိုင်ထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသား<br>ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား<br>ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအေးဆန်း | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်အထည်<br>ဖော်ရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ခ) | ဦးယဉ်ဇော်မျိုး | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ဌာန |
|---|---|---|
| (က) | ဒေါ်မိမိခိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ခ) | ဒေါက်တာဖိုးကောင်း<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာဒေါ်သီတာဝင်း<br>ဒုတိယပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာဒေါ်တင့်တင့်<br>ဒုတိယပါမောက္ခချုပ်<br>မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (င) | ဒေါက်တာသန်းစိုး<br>ဒုတိယပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မြစ်ကြီးနားတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (စ) | ဒေါက်တာတင်ထွေး<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဟသ်ာတတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဆ) | ဒေါက်တာကိုကိုမြင့်<br>ဒုတိယပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပင်လုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဇ) | ဒေါက်တာမောင်မောင်နိုင်<br>ဒုတိယပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဈ) | ဒေါက်တာဒေါ်စမ်းစမ်းမာ<br>ဒုတိယပါမောက္ခချုပ်<br>တောင်ငူတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကျိုင်းတုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

# ဆေးပညာသတင်းဆန်းများ (၁၂၈)

ဒေါက်တာ ကံညွန့်

၂၀၁၆ ဖေဖော်ဝါရီလအတွင်း အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့မှာကျင်းပနေတဲ့ သိပ္ပံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုညီလာခံက ဆေးပညာဆိုင်ရာ သတင်းတစ်ပုဒ်ထွက်လာပါတယ်။ ဒီသတင်းကတော့ ကင်ဆာရောဂါကို ထိရောက်စွာကုသနိုင်မယ့် နည်းပညာတစ်ခုတွေ့ရပြီဆိုတဲ့သတင်းပါ။ ဒီစာတမ်းကိုတင်သွင်းခဲ့ကြတဲ့ ဆေးပညာရှင်တွေကတော့ အမေရိကန်နိုင်ငံ Seatle မြို့ကဖြစ်ပါတယ်။ သူတို့အဆိုအရ Lukaemia ခေါ် သွေးကင်ဆာကို နောက်ဆုံးအဆင့် ခံစားနေရတဲ့ ဝေဒနာရှင် ၁၀ ဦးကို သူတို့ရဲ့ကုထုံးတစ်ခုနှင့် အောင်မြင်စွာကယ်တင်နိုင်ခဲ့ပြီလို့ဆိုပါတယ်။ ဒီကုထုံးကတော့ လူနာရဲ့သွေးထဲက ကိုယ်ခံအား Cells တစ်ခုဖြစ်တဲ့ Tcells ကိုထုတ်ယူပြီး Bioengineering နည်းပညာနှင့် မျိုးဗီဇပြောင်းလဲအောင်မွေးမြူပြီး ကိုယ်ခန္ဓာထဲပြန်သွင်းကာ ကုသခဲ့တာဖြစ်ပါတယ်။ ဒီကုသနည်းက လွန်စွာထိရောက်ပြီး ၉၀ ရာခိုင်နှုန်း အောင်မြင်ခဲ့တယ်လို့ဆိုပါတယ်။ သူတို့ကုသပေးလိုက်တဲ့ သွေးကင်ဆာဝေဒနာရှင်တွေဟာ ကုသမှုမျိုးစုံကိုခံယူထားပြီး Bone Marrow Transplant နည်းနဲ့ နောက်ဆုံးအဆင့်အသက်ရှင်နေခဲ့ကြသူတွေ ဖြစ်တယ်လို့ဆိုပါတယ်။ ကိုယ့်ကိုယ်ခံအား Cells ကိုထုတ်ယူပြီး ပြန်ကုသတဲ့နည်းဟာ ယခင်ကပြုလုပ်ခဲ့ကြပေမယ့် ယခုကုသမှုဟာ လွန်စွာထိရောက်ကြောင်း တွေ့ရတယ်လို့ဆိုပါတယ်။ သွေးကင်ဆာဟာ အလုံးအကျိတ်မပေါ်ဘဲ သွေးအရည်ထဲမှာဖြစ်တာကြောင့် ကုရလွယ်တာလား၊ ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာတို့လို အလုံးအကျိတ်ပေါ်တဲ့ကင်ဆာမျိုးမှာ ထိရောက်မလားဆိုတာ စမ်းသပ်မှုတွေထပ်လုပ်ရမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းကတော့ ကင်ဆာဝေဒနာရှင်တွေအတွက်ပါ။ ကင်ဆာတစ်မျိုးမျိုးခံစားနေရသူတို့မှာ Chemotherapy ခေါ် ဆေးသွင်းကုသမှုခံယူကြရပါတယ်။ ဒီလိုဆေးသွင်းကုသတိုင်း ကင်ဆာဝေဒနာရှင်တွေဟာ ခေါင်းမူးခြင်း၊ အော့အန်ခြင်းတို့ကို တစ်ရက်မှတစ်ပတ်ခန့် ခံစားကြရပါတယ်။ ဒီလိုခံစားရတာကိုကာကွယ်ဖို့ ဆေးတစ်ခုပေါ်လာပါပြီ။ ဒီဆေးကတော့ Varubi လို့ခေါ်ပြီး တခြားနာမည်တစ်ခုဖြစ်တဲ့ Rolapitant ဆိုတဲ့နာမည်နှင့်လည်း ထုတ်လုပ်ထားတယ်လို့ဆိုပါတယ်။ ဒီဆေးကို ယခုအခါ အမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးကလည်း သုံးစွဲခွင့်ပြုထားပြီလို့ သိရပါတယ်။ ဒီဆေးကို နောက်ဆုံးစမ်းသပ်မှုအနေနဲ့ လူနာပေါင်း ၂၈၀၀ ကျော် စမ်းသပ်ကြည့်တဲ့အခါ အထူးအောင်မြင်ကြောင်း တွေ့ရတယ်လို့ဆိုပါတယ်။ American Cancer Society အဖွဲ့ကြီးရဲ့ လေ့လာထားချက်အရ ကင်ဆာဆေးသွင်းကုသပြီးရင် လူနာ ၁၀ ဦးမှာ ရှစ်ဦးခန့်ဟာ ပျို့ခြင်း၊ အော့အန်ခြင်းကို ပြင်းထန်စွာ ခံစားကြရတယ်လို့ ဆိုပါတယ်။ ဒီ ပျို့ခြင်း၊ အော့အန်ခြင်းကို ကုသမှုမခံယူဘဲထားပါက ကိုယ်အလေးချိန်လျော့ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း (Dehydration)၊ အာဟာရချို့တဲ့မှုဖြစ်ခြင်း (Malnutrition)၊ ကိုယ်ခံအားကျခြင်းတို့ ဖြစ်တတ်ပြီး ကင်ဆာနှင့်ပတ်သက်တဲ့ နောက်ဆက်တွဲရောဂါတွေကိုလည်း ပိုဆိုးနိုင်ကြောင်း လေ့လာထားချက်ကို တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းကတော့ လူတွေနေ့စဉ်အသုံးပြုနေကြတဲ့ ပစ္စည်းတွေမှာပါဝင်နေတဲ့ ဒုက္ခပေးနိုင်တဲ့ဓာတုပစ္စည်းတွေအကြောင်းပါ။ ဒီ Chemical စာရင်းကိုတော့ အမေရိကန်အခြေစိုက် နိုင်ငံပေါင်း




၁၂၀ က ဆေးပညာရှင်တွေပါဝင်တဲ့ International Endocrine Society က ထုတ်ပြန်လိုက်တာပါ။ သူတို့အခေါ် EDC (Endocrine Disrupting Chemicals) လူခန္ဓာကိုယ်မှာ Hormone ထုတ်လုပ်ပေးနေတဲ့ Endocrine Glands တွေကို နှောင့်ယှက်ဖျက်ဆီးနေတဲ့ ဓာတုပစ္စည်းစာရင်းဖြစ်ပါတယ်။ ဒီအထဲက လူတွေနီးကပ်စွာအသုံးပြုနေရတဲ့ ပစ္စည်းတွေထဲမှာပါဝင်နေတဲ့ ဓာတုပစ္စည်းတချို့ကတော့ (၁)BisphenolA၊ (၂)Phthalates၊ (၃)Pesticides၊ (၄) Persistent Organic Pollutants တို့ဖြစ်ပါတယ်။ နောက်ဆုံးဖြစ်တဲ့ နံပါတ်(၄)အုပ်စုမှာတော့ Polychlorinated biphenyl, Poly brominated diethyl ehter နှင့် Dioxins တို့ပါဝင်တယ်။ ဒီဓာတုပစ္စည်းတွေဟာ ပလတ်စတစ်နဲ့ ပြုလုပ်ထားတဲ့ ရေပုလင်း၊ ရေခွက်အားလုံး၊ သတ္တုဘူး (Metal Cans) Detergents ကြေးချွတ်ဆေး၊ တချို့အစားအစာ (ငရုတ်ဆီ၊ လက်လုပ်ချဉ်)၊ အလှပြင်ပစ္စည်းနှင့် ကလေးကစားစရာပစ္စည်းတွေမှာ ပါဝင်နေတယ်လို့ဆိုပါတယ်။ ကျန်းမာရေးအရ ဒီဓာတုပစ္စည်းတွေဟာ ဆီးချိုရောဂါ၊ အဝလွန်ရောဂါ၊ ကင်ဆာရောဂါနှင့် နာတာရှည်ရောဂါတို့ကို ဖြစ်ပေါ်စေနိုင်တာကြောင့် ဒီဓာတုပစ္စည်းတွေ၊ လူသုံးပစ္စည်းတွေပါဝင်နေမှုကို အတတ်နိုင်ဆုံးလျှော့ချဖို့ အဆိုပြုထားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုက်တဲ့သတင်းတစ်ပုဒ်ကတော့ နှလုံးရောဂါနှင့်သက်ဆိုင်နေပါတယ်။ နှလုံးထဲမှာ Atrium နှင့်Venticle ဆိုပြီး အစိတ်အပိုင်းနှစ်ခုရှိတယ်။ Atrium ထဲက သွေးကို Venticle ထဲကို ပို့လွှတ်ရာမှာ Mitral Valve လို့ခေါ်တဲ့ အဆို့ရှင်ကိုဖြတ်ပြီးပို့ရပါတယ်။ သာမန်လူတွေအတွက် ဒီလိုပို့နိုင်မှုဟာ အဆင်ပြေနေပေမယ့် Mitral Valve ချို့ယွင်းနေသူတွေမှာ သွေးဟာပုံမှန်လမ်းကြောင်းအတိုင်းမပို့နိုင်တော့ဘဲ Regurgitation သွေးပြန်ယိုမှုတွေဖြစ်လာပါတယ်။ ဒီလိုဖြစ်ခဲ့ရင် Venticle ထဲမှာ သွေးကျန်မှုများလာပြီး နှလုံးကြီးလာရာက Congestive Heart Facilure ခေါ်တဲ့ နှလုံးခုန်လုံ့ဝရပ်ဆိုင်းသွားတဲ့အထိဖြစ်ပြီး အသက်ဆုံးရှုံးရပါတယ်။ အခုတော့ ဒီဝေဒနာရှင်တွေ နှလုံးကိုဖွင့်ပြီးကုသရတဲ့ ခက်ခဲတဲ့ ခွဲစိတ်မှုမျိုးလုပ်စရာမလိုတော့ဘဲ ယင်း Mitral Valve ကို အစားထိုးကုသနိုင်ဖို့ Mitral Valve Prothesis အတုတစ်ခုကို NUS ခေါ်တဲ့ စင်ကာပူနိုင်ငံ National University Singapore က ဆေးပညာရှင်တွေက တီထွင်နိုင်ခဲ့ပြီလို့ဆိုပါတယ်။ သူတို့အခေါ် Velo X လို့အမည်ပေးထားတဲ့ Valve အတုကို NUS မှာရှိတဲ့နှလုံးရောဂါဆရာဝန်ကြီးတွေနဲ့ Biomedical Engineering ဌာနက ပညာရှင်တွေ ပူးပေါင်းထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီ Mitral Valve ပျက်စီးရမှုရောဂါဟာ ကမ္ဘာတစ်လွှားလူပေါင်း ၁၂ သန်းကျော်ခံစားနေရပြီး ဒီရောဂါဖြစ်လာရင် ခြောက်နှစ်သက်တမ်းသာနေနိုင်ခဲ့တယ်လို့ ၂၀၀၃ ခုနှစ်ထုတ် European Heart Journal မှာ ဖော်ပြထားပါတယ်။ ယခင်က ဒီ Valve အတုကို Abbott ကုမ္ပဏီက Mitraclip အနေနဲ့ ထုတ်လုပ်ခဲ့ပေမယ့် ယခုထုတ်လုပ်လိုက်တဲ့ Valve က ပိုပြီး ကုသမှုထိရောက်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းကတော့ သက်ကြီးရွယ်အိုတွေမှာဖြစ်တတ်ပြီး ကုရခက်တဲ့ မျက်စိရောဂါတစ်မျိုးဖြစ်တဲ့ ARMD Age Related Macular Degeneration အာရုံလွှာပျက်စီးခြင်းကြောင့်ဖြစ်တတ်တဲ့ မျက်စိရောဂါကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီဆိုတဲ့သတင်းပါ။ ဒီလို ခွဲစိတ်ပေးနိုင်ခဲ့သူတွေကတော့ အင်္ဂလန်နိုင်ငံ Moorfields Eye Hospital က မျက်စိဆရာဝန်ကြီးတွေဖြစ်ပါတယ်။ သူတို့ဟာ Stem Cells ကို မျိုးဗီဇ Engineering ပညာနဲ့ မွေးယူထားတဲ့ မျက်စိအာရုံလွှာ Cells ကို ဝေဒနာခံစားသူရဲ့ မျက်စိအာရုံလွှာအောက်မှာ ထည့်ပေးခဲ့တာဖြစ်ပါတယ်။ ဒီနည်းဟာ အောင်မြင်ခဲ့တာဖြစ်လို့ နောက်လူပေါင်း ၁၀ ဦးကိုလည်း လာမယ့် ၁၀ လအတွင်း ထပ်မံခွဲစိတ်ပေးဦးမယ်လို့ဆိုပါတယ်။ ဒီခွဲစိတ်မှုဟာ အင်္ဂလန်နိုင်ငံအစိုးရရဲ့ London Project to Cure Blindness အစီအစဉ်နှင့် ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒီ ARMD ရောဂါမှာ Dry နှင့် Wet types ဆိုပြီး နှစ်မျိုးနှစ်စားရှိပြီး Dry type က ဖြည်းဖြည်းချင်းကွယ်ပြီး ပိုဆိုးလာမှုကလည်း ကြာတတ်တာဖြစ်တယ်။ Wet type ကတော့ အမြန်ဖြစ်တတ်ပြီး ကုသမှုမခံယူရင် မြန်မြန်ပိုဆိုးလာနိုင်တဲ့ရောဂါဖြစ်တယ်။ ယခုကုသမှုကို Wet type အတွက် ပိုဦးစားပေးဆောင်ရွက်ခဲ့တာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အိပ်ပျော်ခြင်းဟာ နှလုံးကျန်းမာရေးအတွက် အရေးကြီးတယ်ဆိုတာ လေ့လာထားတဲ့သတင်းပါ။ ဒီလေ့လာချက်ကိုတော့ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ Sungdyunkwan University School of Medicine ဆေးပညာရှင်တွေပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ အသက်(၄၀)မှ (၅၀)အတွင်း အမျိုးသားအမျိုးသမီးပေါင်း ၄၇၀၀၀ ကို လေ့လာထားခဲ့ကြတာဖြစ်ပါတယ်။ သူတို့အဆိုအရ အိပ်ချိန် ငါးနာရီထက်ပိုနည်းသော်လည်းကောင်း၊ အိပ်ချိန် ကိုးနာရီထက်ပိုသော်လည်းကောင်း နှလုံးကျန်းမာရေးအတွက် မကောင်းဘူးလို့ဆိုပါတယ်။ သူတို့တွေ့ရှိချက်မှာ နှလုံးကိုပို့လွှတ်နေတဲ့ သွေးကြောကို လေ့လာကြည့်တဲ့အခါ သွေးကြောတဲ့မှာ (Calcium Plaque)အဖတ်ဖြစ်ပေါ်ခြင်းဟာ အိပ်ချိန် ငါးနာရီအောက်ရှိသူတွေမှာ သာမန် ခုနစ်နာရီဝန်းကျင်အိပ်သူတွေထက် ၅၀ ရာခိုင်နှုန်း ပိုတွေ့ပြီး ကိုးနာရီကျော်အိပ်သူတွေမှာ သာမန် ခုနစ်နာရီဝန်းကျင်အိပ်သူထက် ၇၀ ရာခိုင်နှုန်း ပိုတွေ့ရတယ်လို့ဆိုပါတယ်။ သူတို့အဆိုအရ အိပ်ချိန်နည်းလွန်းသူတွေ၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်မပျော်သူတွေမှာ နှလုံးရောဂါပိုရှိနေတာကို တွေ့ရပြီး အိပ်ချိန်များသူတွေကတော့ အဝလွန်ပြဿနာရှိနိုင်တယ်ဆိုတာတင်ပြလိုက်ရပါတယ်။ ။



**အိပ်ချိန်နည်းလွန်းသူတွေ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်သူတွေမှာ နှလုံးရောဂါပိုရှိနေတာကို တွေ့ရပြီး အိပ်ချိန်များသူတွေကတော့ အဝလွန် ပြဿနာရှိနိုင်။**

# ကြံ့ခင်း-မြန်အောင်လမ်းပေါ်ရှိ ဖားတရှူးတံတား ယခုလပြီးစီးမည်

**ကြံ့ခင်း မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံ့ခင်းမြို့နယ် ကြံ့ခင်း-မြန်အောင်လမ်းပိုင်းပေါ်ရှိ ဖားတရှူးတံတားတည်ဆောက်နေမှု မတ်တတိယပတ်တွင် ပြီးစီးပြီး ဖွင့်လှစ်နိုင်ရန် တည်ဆောက်လျက်ရှိကြောင်း တံတားတည်ဆောက်ရေး တာဝန်ရှိသူများထံမှ သိရသည်။

ယင်းတံတားခန်းဖွင့်များမှာ ပေ ၉၀ သုံးခန်း၊ ၁၀၈ ပေ နှစ်ခန်း စုစုပေါင်းတံတားအရှည် ၄၈၆ ပေဖြစ်သည်။ တံတားတိုင်များမှာ Bored Pile သံကူကွန်ကရစ်၊ တံတားအပေါ်ထည်ပိုင်းမှာ Plater Girder သံရက်မများအသုံးပြုထားပြီး ကြမ်းခင်းမှာ သံကူကွန်ကရစ်နှင့် အပေါ်လွှာကတ္တရာခင်းဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက် သုံးပေစီ၊ တံတားခံနိုင်ဝန်အားမှာ တန် ၆၀ ဖြစ်သည်။ တံတားကြီးအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ ၃၊ တံတား အထူးအဖွဲ့ ၁၀ တာဝန်ခံအင်ဂျင်နီယာ ဒုတိယညွှန်ကြားရေးမှူး၏ ကြီးကြပ်မှုဖြင့် ဦးစီးအရာရှိတစ်ဦး၊ အငယ်တန်းအင်ဂျင်နီယာသုံးဦးနှင့် တံတားတည်ဆောက်ရေး ကျွမ်းကျင်လုပ်သားများက ၂၀၁၅ ခုနှစ် မေလတွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၆ ခုနှစ် မတ်လ နောက်ဆုံးပတ်တွင် ပြီးစီးဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

တံတားချဉ်းကပ်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကိုလည်း ကြံ့ခင်းမြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်သောအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ ကြံ့ခင်းအပိုင်း ၄၉၂ ပေ၊ မြန်အောင်အပိုင်း ပေ ၂၈၀ စုစုပေါင်းချဉ်းကပ်လမ်း အရှည် ၇၇၂ ပေအား တံတားဖွင့်ချိန်နှင့်တစ်ပြေးညီ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **(၆၄၈)**



# သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၀**

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပပြီး ဒုတိယသမ္မတလောင်းများအား အဆိုပြုခြင်းနှင့် နိုင်ငံတော်သမ္မတ အရည်အချင်းစိစစ်ရေး အဖွဲ့တွင်ပါဝင်မည့် ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် **ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်**အား ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ဒုတိယသမ္မတလောင်း အဖြစ် အဆိုတင်သွင်းရာ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် က ထောက်ခံသည်။

ထို့နောက် **လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း (ခ) ဦးမောင်အုန်း**အား မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာ မောင်သင်းက ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်း ရာ ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်းက ထောက်ခံသည်။

ယင်းနောက် ဒုတိယသမ္မတလောင်းအဖြစ် အဆို တင်သွင်းကြသည့် လွှတ်တော်ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်း အဆိုပြုလွှာပုံစံ(၁)ကို အချက် အလက် ပြည့်စုံစွာဖြည့်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က



ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

တင်သွင်းထားသည့် ဒုတိယသမ္မတလောင်းနှစ်ဦး၏ အမည် စာရင်းကို လွှတ်တော်သို့ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ပြီးသည့်အခါ ရွေးချယ်တင်မြှောက်လိုက်သည့် ဒုတိယသမ္မတအား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ အရည် အချင်းများနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရန် နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာနည်းဥပဒေ ၂၆ အရ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းပြီး နည်းဥပဒေ ၂၇ အရ စိစစ်သွားမည်ဖြစ်ကြောင်း။

နည်းဥပဒေ ၂၆ အရ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစု အဖွဲ့က ရွေးချယ်ပေးသည့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်တစ်ဦး ပါဝင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က မိမိတို့အထဲမှ ကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်ပေးရမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေး ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအတွက် သတ်မှတ် ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင်ပါဝင်မည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ် ကြရာ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာ မျိုးအောင်နှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးတို့ကို လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်အဆိုပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးထက်ပိုသည့်အတွက် စက်ခလုတ် အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင်အား ထောက်ခံဆန္ဒမဲ အများဆုံး ပေးပြီး စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်အတည်ပြုခဲ့သည်။

အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်ပြီး ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ဒုတိယနေ့ကို မတ် ၁၁ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၀**

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ ပထမနေ့အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတလောင်း အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်း၊ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည် အချင်းများနှင့် ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေး အဖွဲ့တွင်ပါဝင်မည့် ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၃)မှ ဦးဟင်နရီဗန်ထီးယူအား ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာအောင်သူက ဒုတိယ သမ္မတလောင်းအဖြစ် အဆိုတင်သွင်းရာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်းက ထောက်ခံသည်။



ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ထို့အတူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဦးခင်အောင်မြင့်အား ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်က ဒုတိယသမ္မတလောင်း အဖြစ် အဆိုတင်သွင်းရာ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်က ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဘမျိုးသိန်းကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုံးလွင်က အဆိုတင်သွင်းပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း (ခ) အားကာမိုးက ထောက်ခံကြောင်းကြေညာပြီး ဦးဘမျိုးသိန်းကို နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ကြောင်း ကြေညာသည်။

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စား လှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို မတ် ၁၁ ရက် နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

☆ **ရှေ့ဖုံးမှ**

ယနေ့ကျင်းပသည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစု အဖွဲ့အစည်းအဝေးတွင် တက်ရောက်ခွင့် ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၃ ဦး ရှိသည့်အနက် ၃၁၆ ဦး တက် ရောက်ခဲ့ပြီး ၇ ဦး ခွင့်တိုင်ကြားခဲ့ကြောင်း နှင့် ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်း အဝေးတွင် တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးရှိသည့်အနက် ၁၆၇ ဦး တက်ရောက် ခဲ့ပြီး ၁ ဦးခွင့်တိုင်ကြားခဲ့ကြောင်း သိရ သည်။

ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယ သမ္မတလောင်းအဖြစ် အဆိုပြုကြရာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အလုပ်အမှု ဆောင်အဖွဲ့ဝင် ဦးထင်ကျော်အား ပုလဲ မဲဆန္ဒနယ်က ဒေါ်ခင်စန်းလှိုင်က အဆို တင်သွင်း၍ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် က ထောက်ခံခဲ့ပြီး လားရှိုးမဲဆန္ဒနယ်က ဒေါက်တာစိုင်းမောက်ခမ်း(ခ) ဦးမောင်အုန်း အား မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာ မောင်သင်းက အဆိုတင်သွင်း၍ ဇေယျာ သီရိ မဲဆန္ဒနယ်မှ ဦးလှဌေးဝင်းက ထောက်ခံခဲ့သည်။

ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယ သမ္မတလောင်းအဖြစ် အဆိုပြုကြရာတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဟင်နရီဗန်ထီးယူအား ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာအောင်သူက အဆိုတင်သွင်း၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်းက ထောက်ခံ ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးခင်အောင်မြင့်အား ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစိုင်းသန်းနိုင်က အဆိုတင်သွင်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်က ထောက်ခံခဲ့သည်။

နိုင်ငံတော်သမ္မတအတွက် သတ်မှတ် ထားသော အရည်အချင်းများနှင့် ပြည့်စုံ ခြင်း ရှိ၊ မရှိ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းရာ တွင် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးနှင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးတို့ ပါဝင်ရမည်ဖြစ်၍ ပြည်သူ့ လွှတ်တော်အတွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင်နှင့် အမျိုးသားလွှတ်တော်အတွက် ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်းတို့ကို စိစစ်ရေးအဖွဲ့ဝင်များ အဖြစ် ရွေးချယ်ခဲ့ကြပြီး နိုင်ငံတော်သမ္မတ အရည်အချင်းများ ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်ခြင်းကို ယနေ့မှစ၍ ဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၀ အရ နိုင်ငံတော်သမ္မတကို သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ် တင်မြှောက်ရာတွင် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ ၃ ဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည် စာရင်းတင်သွင်းသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ ကလည်း ဒုတိယသမ္မတလောင်းတစ်ဦး၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်သွင်းနိုင်ရန် ဆောင်ရွက် ရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၀ အရ နိုင်ငံတော်သမ္မတကို သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်ရာတွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့ ၃ ဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည် ဖြစ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ကလည်း ဒုတိယသမ္မတလောင်းတစ်ဦး၏ အမည် စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်သွင်းနိုင် ရန် ဆောင်ရွက်ရမည်ဖြစ်။**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူး ကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ၁၅ ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် ၇၈၉ ဦး၊ ကျောင်းသား ကျောင်းသူ ၆၁ ဦး၊ အခြားပါတီ၊ အဖွဲ့အစည်းနှင့် ပြည်သူလူထု ၃၅၀၊ နိုင်ငံခြားသား ရှစ်ဦး စုစုပေါင်း ၁၂၂၃ ဦးတို့သည် သမ္မတရွေးချယ်တင် မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ပထမနေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

သင့်စီးပွားရေးလုပ်ငန်းအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်ဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆို

သတင်း - ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ - ဇော်ကြီး(ပဏီတ)

**ရန်ကုန် မတ် ၁၀**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာဘာသာရပ်ကို မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများတွင် ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုခဲ့ကြကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။



၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို ဖြေဆိုစဉ်က စာဖြေသူ စုစုပေါင်း ၆၃၆၁၄၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ယနေ့ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်တွင် စာဖြေသူ စုစုပေါင်း ၆၃၅၂၆၀ သာ ဝင်ရောက်ဖြေဆိုခဲ့၍ ပျက်ကွက်သူ ၈၈၄ ဦး ရှိခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့တွင် နေပြည်တော်၌ ၁၇၄၅၉ ဦး၊ ကချင်ပြည်နယ်၌ ၂၇၁၇၆ ဦး၊ ကယားပြည်နယ်၌ ၄၆၃၂ ဦး၊ ကရင်ပြည်နယ်၌ ၁၃၅၅၆ ဦး၊ ချင်းပြည်နယ်၌ ၉၈၀၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၈၁၇၄၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁၅၇၆၄ ဦး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၌ ၃၂၁၈၆ ဦး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၌ ၁၉၃၇၁ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၆၀၃၅၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၉၁၅၅၆ ဦး၊ မွန်ပြည်နယ်၌ ၁၉၆၆၉ ဦး၊ ရခိုင်ပြည်နယ်၌ ၃၄၆၈၁ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၁၀၁၅၃၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၌ ၃၈၈၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ၂၂၉၄၆ ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ၁၄၄၇၄ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး၌ ၆၄၄၇၃ ဦး အပါအဝင် စုစုပေါင်း ၆၃၅၂၆၀ တို့ ဝင်ရောက်ဖြေဆိုခဲ့ရာ စာရင်းရှိ ဖြေဆိုသူဦးရေ၏ ၉၄ ဒသမ ၅၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာနတွင် လူနာဖြေဆိုသူ လေးဦး ထပ်မံတိုးလာ၍ စုစုပေါင်း ရှစ်ဦး ကိုယ်တိုင်ဖြေဆိုကြကာ မြောက်ဥက္ကလာပဆေးရုံကြီး စာစစ်ဌာနတွင် လူနာစာဖြေ နှစ်ဦး ဖြေဆိုလျက်ရှိပြီး ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) စာစစ်ဌာနနှင့် မြောက်ဥက္ကာပ (ဝေဘာဂီ) ကူးစက်ရောဂါကုဆေးရုံ စာစစ်ဌာနတို့တွင် ဝင်ရောက်ဖြေဆိုသူမရှိကြောင်း သိရသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်စာစစ်ဌာနတွင် အကျဉ်းသား/အချုပ်သား ၁၉ ဦးသည် ယမန်နေ့ကအတိုင်း ဖြေဆိုလျက်ရှိသည်။

မြန်မာတစ်ပြည်လုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်စာစစ်ဌာနများတွင် ကျောင်းသား ကျောင်းသူများ ဒုတိယနေ့ အင်္ဂလိပ်ဘာသာရပ်စာမေးပွဲကို အေးချမ်းပျော်ရွှင်စွာ ဖြေဆိုခဲ့ကြကြောင်း သိရသည်။

# ၂၀၁၅ ခုနှစ် အဘိဓမ္မာ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁၀**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်-

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၄၀ တို့၌ ဖြေဆိုသူ ၁၃၉၈၁ ဦး၊ အောင်မြင်သူ ၁၁၁၁၂ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၈၁၇ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိသူများမှာ
- (၁) တစ်ပြည်လုံးပထမ ၊ ခုံအမှတ် မြစ်-၄၁၊ မသမိဒ္ဓညာဏီ၊ မြစ်ကြီးနားစာဖြေဌာန မြစ်ကြီးနားမြို့ ကချင်ပြည်နယ်
- (၂) တစ်ပြည်လုံး ဒုတိယ ခုံအမှတ် မြစ်-၁၊ မခိုင်သူဇာဝင်း၊ မြစ်ကြီးနားစာဖြေဌာန မြစ်ကြီးနားမြို့ ကချင်ပြည်နယ်
- (၃) တစ်ပြည်လုံး တတိယ ခုံအမှတ် ဒဂတ-၃၅၈၊ ဒေါ်စန်းစန်းအေး၊ ဒဂုံမြို့သစ်တောင်ပိုင်း စာဖြေဌာန ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၀၅ ဌာနတို့၌ ဖြေဆိုသူ ၃၀၉၀၊ အောင်မြင်သူ ၂၆၀၀၊ နှစ်ချင်းပေါက်သုံးဆင့်လုံးအောင်မြင်သူ ၄၂၅ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ-
- (၁) တစ်ပြည်လုံး ပထမ ခုံအမှတ် လှိုင်-၅၀၊ မစန္ဒာထွေး၊ လှိုင်စာဖြေဌာန လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး
- (၂) တစ်ပြည်လုံး ဒုတိယ ခုံအမှတ် လွင်-၆ ၊ ဒေါ်ခင်မာသက်ရွှေထွေး၊ ပြင်ဦးလွင်စာဖြေဌာန ပြင်ဦးလွင်မြို့ မန္တလေးတိုင်းဒေသကြီး
- (၃) တစ်ပြည်လုံး တတိယ ခုံအမှတ် လှိုင်-၁၇၊ ဒေါ်သက်သက်အေး၊ လှိုင်စာဖြေဌာန လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၈၈ ဌာနတို့၌ ဖြေဆိုသူ ၂၂၂၁ ဦး အောင်မြင်သူ ၂၀၆၀၊ နှစ်ချင်းပေါက်သုံးဆင့်အောင်မြင်သူ ၃၂၇ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ( ထူးချွန်ဆု) ရရှိကြသူများမှာ-
- (၁) တစ်ပြည်လုံး ပထမ ခုံအမှတ် ထီလာ-၅ ၊ မခင်မာယာဉ်၊ မိတ္ထီလာစာဖြေဌာန မိတ္ထီလာမြို့ မန္တလေးတိုင်းဒေသကြီး
- (၂) တစ်ပြည်လုံး ဒုတိယ ခုံအမှတ် လှိုင်-၁၃၊ ဒေါ်ခင်စောမြင့်၊ လှိုင်စာဖြေဌာန လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး
- (၃) တစ်ပြည်လုံး တတိယ ခုံအမှတ် လှိုင်-၂၁ ၊ ဒေါ်သီဂီ၊ လှိုင်စာဖြေဌာန လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၂။ အောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီး ပြည်နယ်သာသနာရေးမှူးရုံးများ၊ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြည့်ရှုနိုင်ပါသည်။

**သာသနာရေးဦးစီးဌာန**

# မန္တလေးတိုင်းဒေသကြီး ၂၈ မြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာ၌ ပျက်ကွက်သူများရှိသလို ကျန်းမာရေးကြောင့် ဆေးရုံတက်ရောက်ဖြေဆိုသူများလည်းရှိ

**မန္တလေး မတ် ၁၀**

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရာတွင် ပျက်ကွက်သူများရှိသလို မန္တလေးအထွေထွေရောဂါကုဆေးရုံတွင် တက်ရောက်ဖြေဆိုသူများလည်း ရှိကြောင်း၊ တက်ရောက်ဖြေဆိုသူများမှာ အူအတက်ရောင်ရောဂါနှင့် စိတ်ဖိစီးမှုရောဂါများကြောင့် ဆေးကုသမှုခံယူနေရင်း ဖြေဆိုကြကြောင်း သိရသည်။

ဆေးရုံတက်ရောက်ဖြေဆိုသူများမှာ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ တံတားဦးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့မှ တက်ရောက်ဆေးကုသရင်း ဖြေဆိုကြသူများရှိကြောင်း၊ ဖြေဆိုသူများတွင် ကျောင်းသား လေးဦး ကျောင်းသူတစ်ဦး ပါဝင်ကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံ ဆေးလုပ်မှုဆက်ဆံရေး အရာရှိထံမှ သိရသည်။

"စာမေးပွဲဖြေဆိုမယ့်ကာလအတွင်းမှာ ဆေးရုံတက်ရောက်ကုသမှုခံယူနေတဲ့သူက ၁၀ ယောက်ရှိတယ်။ သုံးဦး နေကောင်းလို့ ဆင်းသွားပြီး သက်ဆိုင်ရာ စာဖြေဌာနတွေမှာ ဖြေကြတယ်။ မဆင်းသေးတဲ့ ငါးဦးက ဒီနေ့စဖြေတဲ့နေ့မှာ ဆေးရုံမှာ လုပ်ပေးထားတဲ့ စာမေးပွဲဖြေသီးသန့်ခန်းမှာဖြေတယ်။ ပညာရေးဌာနက ကြီးကြပ်အဖွဲ့တွေက ဖြေဆိုနေချိန်မှာ ကြီးကြပ်စောင့်ပေးတယ်။ ကျန်တဲ့ နှစ်ဦးကတော့ သူတို့ဆန္ဒအတိုင်း မဖြေကြဘူး"ဟု ဆေးလူမှုဆက်ဆံရေးအရာရှိက ပြောသည်။

ဒီနေ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာတက်လာတဲ့ ချမ်းမြသာစည်မြို့နယ် ကြာဇံကွေ့လမ်းမှာ ကားက ဝင်တိုက်လို့ ဒဏ်ရာရသူတွေထဲမှာ စာမေးပွဲဖြေမယ့်သူ နှစ်ဦးလည်း ပါတယ်လို့ ဖတ်လိုက်ရတော့ သားသမီးချင်း ကိုယ်ချင်းစာသနားမိပါတယ်။ နောက်ဘာသာရပ်တွေမှာ ဖြေဆိုမယ့်သူအားလုံး ယာဉ်အန္တရာယ်ကင်းပြီး စာမေးပွဲကို ဖြေဆိုနိုင်ကြပါစေလို့ မိဘတစ်ဦးအနေနဲ့ ဆုတောင်းမိတယ်။ ကားမောင်းတဲ့သူတွေကလည်း ဒီလိုစာမေးပွဲဖြေဆိုချိန်တွေမှာ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနဲ့အညီ ဆင်ဆင်ခြင်ခြင်နဲ့ မောင်းဖို့ကောင်းတယ်။ စာဖြေမယ့်ကလေးမက ဒဏ်ရာရလို့ မဖြေနိုင်တဲ့အပြင် သူ့မအဖေလည်း ဆေးရုံရောက်မှ ဆုံးသွားတယ်။ မိသားစုနဲ့ ထပ်တူစိတ်မကောင်းပါဘူးလို့ ပြောချင်ပါတယ်။ ဆေးရုံကနေ ဖြေဆိုတဲ့သူတွေလည်းရှိတယ်လို့ သိရတယ်"ဟု စာမေးပွဲလာရောက်ဖြေဆိုသူ၏ မိဘတစ်ဦးက ပြောသည်။



၂၀၁၅-၂၀၁၆ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို မန္တလေးတိုင်းဒေသကြီးအတွင်း ၂၈ မြို့နယ်ရှိ စာစစ်ဌာနများ၌ ဝင်ရောက်ဖြေဆိုကြရာ မြန်မာစာဘာသာရပ် ဖြေဆိုသည့်နေ့တွင် အောင်မြေသာစံမြို့နယ်တွင် ၈၃၄၈ ဦး စာရင်းရှိပြီး ပျက်ကွက် ၄၁၇ဦး၊ ချမ်းအေးသာစံမြို့နယ်တွင် ၃၃၀၆ ဦး စာရင်းရှိပြီး ပျက်ကွက် ၁၂၉ ဦး၊ မဟာအောင်မြေမြို့နယ်တွင် ၃၅၇၇ ဦး စာရင်းရှိပြီး ပျက်ကွက် ၉၆ ဦး၊ ချမ်းမြသာစည်မြို့နယ်တွင် ၇၀၁၆ ဦး စာရင်းရှိပြီး ပျက်ကွက် ၂၈၆ ဦး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ၁၆၀၅ ဦး စာရင်းရှိပြီး ပျက်ကွက် ၈၂ ဦး၊ ပုသိမ်ကြီးမြို့နယ်တွင် ၁၅၃၀ စာရင်းရှိပြီး ပျက်ကွက် ၈၉ ဦး၊ အမရပူရမြို့နယ်တွင် ၂၅၆၇ ဦး စာရင်းရှိပြီး ပျက်ကွက် ၁၅၂ ဦး၊ ကျောက်ဆည်မြို့နယ်တွင် ၃၀၆၉ ဦး စာရင်းရှိပြီး ပျက်ကွက် ၁၅၇ ဦး၊ စဉ့်ကိုင်မြို့နယ်တွင် ၁၇၃၅ ဦး စာရင်းရှိပြီး ပျက်ကွက် ၇၃ ဦး၊ တံတားဦးမြို့နယ်တွင် ၁၂၅၃ ဦး စာရင်းရှိပြီး ပျက်ကွက် ၅၆ ဦး၊ မြစ်သားမြို့နယ်တွင် ၂၅၅၅ ဦး စာရင်းရှိပြီး ပျက်ကွက် ၇၉ ဦး၊ ပြင်ဦးလွင်မြို့တွင် ၆၄၃၉ ဦး စာရင်းရှိပြီး ပျက်ကွက် ၂၅၉ ဦး၊ မတ္တရာမြို့တွင် ၂၇၆၈ ဦး စာရင်းရှိပြီး ပျက်ကွက် ၁၀၃ ဦး၊ စဉ့်ကူးမြို့တွင် ၂၁၀၅ ဦး စာရင်းရှိပြီး ပျက်ကွက် ၇၂ ဦး၊ သပိတ်ကျင်းမြို့တွင် ၁၃၉၂ဦး စာရင်းရှိပြီး ပျက်ကွက် ၈၂ ဦး၊ မိုးကုတ်မြို့တွင် ၃၀၇၆ ဦး စာရင်းရှိပြီး ပျက်ကွက် ၁၁၉ ဦး၊ မြင်းခြံမြို့တွင် ၄၁၈၆ ဦး စာရင်းရှိပြီး ပျက်ကွက် ၂၅၁ ဦး၊ နွားထိုးကြီးမြို့တွင် ၂၅၇၁ ဦး စာရင်းရှိပြီး ပျက်ကွက် ၁၀၃ ဦး၊ တောင်သာမြို့တွင် ၄၁၄၄ ဦး စာရင်းရှိပြီး ပျက်ကွက် ၂၂၁ ဦး၊ ငါန်းဇွန်မြို့တွင် ၁၄၉၀ စာရင်းရှိပြီး ပျက်ကွက် ၅၅ ဦး၊ ညောင်ဦးမြို့တွင် ၄၂၆၀ စာရင်းရှိပြီး ပျက်ကွက် ၁၄၅ ဦး၊ ကျောက်ပန်းတောင်းမြို့တွင် ၅၅၃၆ ဦး စာရင်းရှိပြီး ပျက်ကွက် ၁၇၀၊ မိတ္ထီလာမြို့တွင် ၅၇၄၆ ဦး စာရင်းရှိပြီး ပျက်ကွက် ၂၂၃ ဦး၊ မလှိုင်မြို့တွင် ၃၆၃၈ ဦး စာရင်းရှိပြီး ပျက်ကွက် ၅၂ ဦး၊ သာစည်မြို့တွင် ၂၆၃၉ ဦး စာရင်းရှိပြီး ပျက်ကွက် ၁၅၃ ဦး၊ ဝမ်းတွင်းမြို့တွင် ၂၅၁၈ ဦး စာရင်းရှိပြီး ပျက်ကွက် ၈၂ ဦး၊ ရမည်းသင်းမြို့တွင် ၂၈၃၃ ဦး စာရင်းရှိပြီး ပျက်ကွက် ၁၀၉ ဦး၊ ပျော်ဘွယ်မြို့တွင် ၃၇၅၄ ဦး စာရင်းရှိပြီး ပျက်ကွက် ၁၅၄ ဦး ရှိကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဖြေဆိုသူ စုစုပေါင်း ၉၁၆၈၇ ဦး ရှိခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၈၅ ရာခိုင်နှုန်းရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး(စီမံ)ဌာန မှတ်တမ်းများအရ သိရသည်။ **(အောင်စေပိုင်စေ)**

## ပြည်တွင်းရေးရာ

**✻ ကျောဖုံးမှ**

အဆိုပါဖြစ်စဉ် သတင်းရလျှင်ရချင်း ကျန်းမာရေးဝန်ကြီးဌာနရှိ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင် ဦးဆောင်သောအဖွဲ့ဖြင့်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးလွင်ငြိမ်း၊ ကုသရေးဦးစီးဌာန အမျိုးသားကျန်းမာရေးခတ်ခွဲမှုဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ဆေးဝါး)၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ကလေးကုသမှုဌာနမှ ပါမောက္ခ/ဌာနမှူးနှင့် အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ကလေးငယ် ၂၈ ဦး ထိုးနှံခဲ့သည့် အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးမှာ ကျန်းမာရေးဝန်ကြီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်ဖြင့် ဆောင်ရွက်သော လုပ်ငန်းမဟုတ်ကြောင်း၊ မွေးကင်းစကလေးငယ်များတွင် ပိုးဝင်၍သွေးအဆိပ်တက်ခြင်း လက္ခဏာများတွေ့ရှိမှုမှာ ကာကွယ်ဆေးထိုးခြင်းနှင့် ဆက်စပ်ခြင်း ရှိ/မရှိ ဆက်လက်စုံစမ်း စစ်ဆေးလျက်ရှိကြောင်း၊ သွေးနှင့်အခြားစစ်ဆေးချက်များလည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းဦးစီး၍ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များပါဝင်သော ဌာနဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဖြင့် ကလေးလူနာများအတွက် ကုသပေးမှု အဆင်ပြေစေရေး ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကလေးငယ် ၂၈ ဦးအား ပြင်ပမှဝယ်ယူထိုးနှံပေးသည့် ကာကွယ်ဆေးများမှာ ပဲခူးမြို့ ပုဂ္ဂလိက ဆေးဆိုင်မှ Engerix B နှင့် Hepavax B ဆေးများဖြစ်ရာ အဆိုပါဆေးများသည် ဆေးဝါးအစစ်အမှန် ဟုတ်/မဟုတ်၊ တရားဝင်လိုင်စင်ဖြင့် တင်သွင်းခြင်း ဟုတ်/မဟုတ်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်း ရှိ/မရှိတို့အား ဆက်လက်စိစစ်ဖော်ထုတ်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**○ MNLမှ**

ပွဲစဉ်(၁၀) အဖြစ် မတ် ၁၂ ရက်တွင် မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် ဧရာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ Southrne အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ အောင်ဆန်းကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် Horizon အသင်း၊ မတ် ၁၃ ရက်တွင် အောင်ဆန်းကွင်း၌ ဟံသာဝတီအသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုတစ်ပတ်တွင် ပွဲစဉ်ငါးပွဲသာကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းမှာ AFC Cup ပြိုင်ပွဲအုပ်စုပွဲစဉ်များကို အဝေးကွင်းနှစ်ပွဲဆက်တိုက် ကစားရမည်ဖြစ်သောကြောင့် ရန်ကုန်-ဇွဲကပင်ပွဲစဉ်ကို ဧပြီ ၇ ရက်မှသာ ကျင်းပမည်ဖြစ်သည်။ ပွဲစဉ် (၉) အပြီးတွင် ရတနာပုံအသင်းက ၂၃ မှတ်ဖြင့် ထိပ်ဆုံး၌ ဦးဆောင်နေပြီး ဟံသာဝတီအသင်းက ၂၀ မှတ်ဖြင့် ဒုတိယနေရာတို့တွင် ရပ်တည်နေသည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက ၁၆ မှတ်၊ ဇွဲကပင်အသင်းနှင့် ဧရာဝတီအသင်းတို့က ၁၄ မှတ်စီ၊ မကွေးအသင်းနှင့် ဇေယျာရွှေမြေအသင်းတို့က ၁၂ မှတ်စီ၊ ချင်းယူနိုက်တက်အသင်းက ၁၁ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၀ မှတ်၊ ရခိုင်အသင်းက ခုနစ်မှတ်၊ Horizon အသင်းက လေးမှတ်နှင့် Southern အသင်းက သုံးမှတ်တို့ ရရှိထားသည်။

ယခုတစ်ပတ်တွေ့ဆုံမည့် ဟံသာဝတီအသင်းနှင့် ရတနာပုံအသင်းတို့ပွဲမှာ ထိပ်ဆုံးနေရာအတွက် အရေးပါသလို ရာသီဝက်ချန်ပီယံဆုအတွက်ပါ အရေးပါလျက်ရှိသည်။ ရတနာပုံအသင်းနိုင်ပွဲရခဲ့ပါက ပထမအကျော့ မပြီးဆုံးမီရာသီဝက်ချန်ပီယံဖြစ်မည်ဖြစ်ပြီး ဟံသာဝတီအသင်းသရေ(သို့)အနိုင်ရရှိခဲ့ပါက နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။ ယခုရာသီတွင် ရလဒ်ပိုင်းမတည်ငြိမ်သေးသည့် မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့ တွေ့ဆုံမှုမှာ စိတ်ဝင်စားစရာကောင်းလာနိုင်ပြီး တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့်အသင်းများ၏ ရုန်းကန်မှုကိုလည်း တွေ့မြင်ရဖွယ်ရှိနေသည်။

**(သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်)**

# ရန်ကုန်မြစ်အတွင်းစက်တပ်သမ္ဗန်တစ်စင်းတိမ်းမှောက် နှစ်ဦးပျောက်ဆုံးနေ

**ရန်ကုန် မတ် ၁၀**

ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ရေကန်စက်တပ်သမ္ဗန်ဆိပ်ကမ်းတွင် ကန်တော့ပွဲပြင်ဆင်ထားသည်ကို မတ် ၁၀ ရက် နံနက် ၁၁ နာရီခွဲက တွေ့ရသည်။



“ကျွန်တော်တို့ သမ္ဗန်ကူးတို့ဆိပ်က စက်တပ်သမ္ဗန်တစ်စင်း ဒီနေ့ နံနက် ၃ နာရီခွဲလောက်က ဆီးနှင်းပိတ်နေတုန်း ရေတက်ချိန်မှာ နေ့စဉ်ဈေးဝယ်ကူးနေတာမှာ ကုန်စိမ်းသည် ၁၁ ဦးကို တင်ဆောင်ပြီး ရန်ကုန်ဘက်ကမ်းရှိ စဉ့်အိုးတန်းဆိပ်ကမ်းသို့ ပို့ဆောင်ပေးခဲ့ရာ ကမာကဆစ်သမ္ဗန်ဆိပ်နဲ့ စဉ့်အိုးတန်းဆိပ်ကမ်းကြားမှာ အမှတ်(၂) ရေလယ်ဗော်ရာကို ဝင်တိုက်မိလို့ တိမ်းမှောက်နစ်မြုပ်သွားပါတယ်။ မြစ်ထဲမှာ မျှောပိုက်ငါးဖမ်း စက်လှေငယ်တစ်စင်းက ကယ်ဆယ်ခဲ့လို့ ခရီးသည်ကိုးဦးပြန်ရောက်နေပါပြီ။ နှစ်ဦးတော့ ပျောက်သွားတယ်။ ဒါကြောင့် ဆွေမျိုးမောင်နှမတွေက ဒီကမ်းမှာ ကန်တော့ပွဲ လာပြင်ထားတာပါ။ စက်တပ်သမ္ဗန်လည်း မတွေ့သေးပါဘူး”ဟု ရေကန်ဆိပ်ဂိတ်မှူးတစ်ဦးက ပြောသည်။

ထိုအမှုနှင့် ပတ်သက်၍ ဆိပ်ကမ်းမြို့နယ် မြို့မရဲစခန်းမှူးဒုတိယရဲမှူး တင်ထွန်း၊ ဒုတိယရဲအုပ် စိုးဦးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်မြစ်အတွင်း ရေလယ်ပွိုင့် အမှတ်(၂)ကို ဝင်တိုက်ပြီး တိမ်းမှောက်နစ်မြုပ်သွားသော စက်တပ်သမ္ဗန်မှာ ရေယာဉ်မောင်း ဆန်းညွန့်(ခ) ကြက်တက် (၃၆)နှစ် (၆)လမ်း ဗိုလ်ရန်ပြေရပ်ကွက် ဒလမြို့နယ်နေသူ မောင်းနှင်သော ရေယာဉ် အမှတ်(၄/၄) “အောင်နိုင်လွင်” အမည်ရှိ စက်တပ်သမ္ဗန်ဖြစ်ပြီး ပျောက်ဆုံးသွားသူနှစ်ဦးမှာ ဗိုလ်ရန်ပြေရပ်ကွက်မှ ဈေးရောင်းသူ ဒေါ်ရီစန်း (၆၂)နှစ် (၂)လမ်း နေသူနှင့် ဦးတင်ဝင်း (၅၆)နှစ် (၉)လမ်းတွင် နေသူတို့ဖြစ်ကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

## ပြန်မလော့မြစ်အတွင်း ရေယာဉ်နှစ်စင်း မျက်နှာချင်းဆိုင်တိုက်မိ၊ အလုပ်သမတစ်ဦးသေဆုံး၊ နှစ်ဦးပြင်းထန်စွာ ဒဏ်ရာရ

**ပုသိမ် မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပြန်မလော့မြစ်အတွင်း၌ စက်လှေနှစ်စင်း မျက်နှာချင်းဆိုင်တိုက်မှုကြောင့် စီးနင်းလိုက်ပါလာသူ အလုပ်သမတစ်ဦးသေဆုံးပြီး အလုပ်သမနှစ်ဦး ပြင်းထန်စွာဒဏ်ရာများ ရရှိသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၅ ရက် နံနက် ၅ နာရီခွဲခန့်က ဝါးခယ်မမြို့နယ် ကျုံတလိတ်ကျေးရွာအုပ်စု အဖျံလေးကျေးရွာ ဆိပ်ကမ်းမှ အိမ်မဲမြို့နယ် အိုင်ကြီးကျေးရွာအုပ်စု ကျေးရွာများသို့ အလုပ်သမ ၂၀ တင်ဆောင်၍ အိုင်ကြီးကျေးရွာနေသူ ရေယာဉ်မောင်းဝေလျှံဖြိုး (၂၀) နှစ် မောင်းနှင်သော အလျား ပေ ၃၀၊ အနံ ခြောက်ပေ၊ မြင်းကောင်ရေ ၁၀ ကောင်၊ တရုတ်နီအင်ဂျင်စက်တပ် “ဆန်းမွန်း” ပဲ့ထောင်စက်လှေသည် ပြန်မလော့မြစ်ကြောင်းအတိုင်း မောင်းနှင်လာစဉ် ကျုံတလိတ်ကျေးရွာအုပ်စု အဖျံလေးကျေးရွာအနီး၌ ပန်းတနော်မြို့နယ်ဘက်မှ ဝါးခယ်မမြို့နယ်ဘက်သို့ ရေယာဉ်မောင်းဟန်မင်းပိုင် ၂၀ နှစ် မအူကျွန်းရွာနေသူ မောင်းနှင်လာသော အလျား ၃၅ ပေ၊ အနံ ခြောက်ပေ၊ ဇောက် သုံးပေ၊ မြင်းကောင်ရေ ၂၀ တရုတ်နီအင်ဂျင်စက်တပ် “အောင်ရတနာ” ပဲ့ထောင်စက်လှေနှင့် မျက်နှာချင်းဆိုင်တိုက်မိကြရာ “ဆန်းမွန်း”စက်လှေပေါ်လိုက်ပါလာကြသော အလုပ်သမ ၂၀ တို့ရေနစ်မြုပ်မှုကြောင့် ဒေသခံကျေးရွာလူမှုရေးအဖွဲ့အစည်းတို့က ဝိုင်းဝန်းကယ်ဆယ်ပေးခဲ့ကြသည်။ ၎င်းတို့အနက် အိမ်မဲမြို့နယ် တစ်တီတူးကျေးရွာနေ မခိုင်ခိုင်ဌေး (၂၃)နှစ် ဝဲရင်သားပွဲ့ဒဏ်ရာ၊ ဝဲရင်ဘတ်အောင့်၊ ကျောကုန်းအောင့် နာကျင်ဒဏ်ရာများနှင့် မခင်သက်ဆွေ (၃၉) နှစ် အိုင်ကြီးကျေးရွာနေသူ ရင်ညွန့်အောင့်နာကျင်ဒဏ်ရာများရရှိသွားကြပြီး မရီရီဝင်း (၁၈)နှစ် အိုင်ကြီးကျေးရွာနေသူမှာ ယာတံတောင်ဆစ်ပွန်းပဲ့၊ ယာလက်ပြင်၊ ကုတ်၊ နံ ညိုမည်းဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။ **(ပုသိမ်လှကြည်)**



## စမ်းချောင်းမြို့နယ်ရှိ ကော်ဖီဆိုင်၌ ဂက်စ်အိုးလဲလှယ်ရာမှ ပေါက်ကွဲမှုဖြစ်ပွား

**ရန်ကုန် မတ် ၁၀**

စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် ပြည်လမ်းနှင့် ရှင်စောပုလမ်းထောင့်ရှိ City Mart မြေညီထပ်တွင်ဖွင့်လှစ်ထားသော Happy Cafe & Noodles ကော်ဖီဆိုင်၌ မတ် ၁၀ ရက် နံနက်ပိုင်းက ဂက်စ်အိုးလဲလှယ်ရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၁၀ ရက် နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က အဆိုပါကော်ဖီဆိုင်တွင်ရှိသော အရှည် လေးပေခန့်ရှိသည့် ဂက်စ်အိုးတစ်လုံးနှင့် တစ်လုံးလဲလှယ်၍ ဂက်စ်ဖြည့်စဉ် ဂက်စ်အိုးမှခေါင်းပြုတ်ထွက်ကာ ဂက်စ်များ ပန်းထွက်၍ အနီးရှိမီးဖိုမှမီးနှင့်ထိတွေ့ပြီး ပေါက်ကွဲခဲ့ရာမှ ၁၅ ပေ ပတ်လည်အခန်းအတွင်း ကာရံထားသော မှန်ချပ်များ ကွဲသွားခဲ့ကြောင်း၊ ယင်းဂက်စ်အိုးပေါက်ကွဲမှုကြောင့် ဆိုင်အလုပ်သမားများဖြစ်ကြသော အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့မှာ ခန္ဓာကိုယ်တွင် အရေပြားပွန်းပဲ့ နာကျင်ဒဏ်ရာများအသီးသီးရရှိခဲ့ပြီး ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးတွင် အတွင်းလူနာ(မစိုးရိမ်ရ)များအဖြစ် တင်ပို့ကုသခဲ့ရကြောင်း သိရသည်။

ယင်းကဲ့သို့ ဖြစ်ပွားခဲ့သည့်အတွက် ဆိုင်ပိုင်ရှင် ဒေါ်နွယ်နီဦး (၅၀)နှစ်နှင့် ဆိုင်မန်နေဂျာ ကိုရဲကျော်စွာ (၃၃)နှစ်တို့အား စမ်းချောင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၄၀)**

## ယာဉ်တိုက်မှုဖြစ်ပြီး တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ တိုက်သည့်ယာဉ်မောင်း ရှောင်တိမ်းနေ

**သထုံ မတ် ၁၀**

မွန်ပြည်နယ် သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်တွင် မတ် ၉ ရက် ည ၉ နာရီခန့်က ယာဉ်တစ်စီး တိုက်မိသောကြောင့် လူတစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိခဲ့ပြီး တိုက်သည့်ယာဉ်မှာ မောင်းနှင်ရှောင်တိမ်းသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုက်ထိုဘက်မှ သထုံဘက်သို့ ဦးအောင်ပု (၄၈) နှစ် ဇရစ်ချောင်ကျေးရွာ ဘော၈(၂) ရပ်ကွက်တွင် နေထိုင်သူမောင်းနှင်ပြီး နောက်မှ ဇနီးဖြစ်သူ ဒေါ်နော်ရီလိုက်ပါလာသော Wave 100 ဆိုင်ကယ်သည် ရန်ကုန်-မော်လမြိုင် ကားလမ်း မိုင်တိုင်အမှတ်(၁၄၃/၁)နှင့် (၁၄၃/၂) အကြားတွင် နောက်မှလိုက်ပါလာသည့် ယာဉ်တစ်စီးမှ ကျော်တက်စဉ် ယာဉ်နောက်ဘက်ဖြင့် ချိတ်မိပြီး ဆိုင်ကယ်တိမ်းမှောက်ကာ ဦးအောင်ပုနှင့်ဇနီး ဒေါ်နော်ရီတို့မှာ ပြင်းထန်စွာ ဒဏ်ရာရရှိသဖြင့် သထုံခရိုင်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တင်ပို့ထားရာမှ ဇနီးဖြစ်သူ ဒေါ်နော်ရီမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း ရဲမှတ်တမ်းအရ သိရသည်။

“အခင်းဖြစ်တဲ့နေရာက လူလည်းပြတ်တယ်။ ယာဉ်တိုက်မှုဖြစ်ပြီး အချိန်နည်းနည်းကြာမှ ကျေးရွာကရွာသားတစ်ယောက်က ဖုန်းဆက်လာလို့ သွားရောက်စစ်ဆေးရတာပါ။ လူနာတွေကို ဆေးရုံပို့ထားတာ ဆေးရုံရောက်ပြီးကြာမှ အမျိုးသမီးဖြစ်သူ ဆုံးသွားတာ။ တိုက်ပြေးတဲ့ယာဉ်က ကားကြီးဆိုတာကို ရွာသားတွေပြောလို့သိရတယ်။ တိုက်ပြေးတဲ့ယာဉ်ကို ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာ နယ်မြေခခန်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်”ဟု သထုံမြို့မစခန်းမှူး ဒုတိယရဲမှူး ထွန်းသိန်းက ပြောသည်။

အဆိုပါယာဉ်တိုက်မှုဖြစ်စဉ်တွင် ယာဉ်ဖြင့်တိုက်မိပြီး ရှောင်တိမ်းနေသည့် ယာဉ်မောင်းအား ဖမ်းဆီးရမိရေးနှင့် ၎င်းအား ယာဉ်(ပ) ၂၀/၂၀၁၆ ပြစ်မှုပုဒ်မ ၃၃၈ ဖြင့် အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သထုံမြို့မရဲစခန်းမှ သိရသည်။

**သက်ဦး(သထုံ)**

မူးလျှင် မမောင်းနဲ့ မောင်းလျှင် မမူးနဲ့

# သထုံရှိ သုဝဏ္ဏဘူမိခေတ် မြေသားမြို့ရိုးဟောင်း ရေရှည်တည်တံ့နိုင်ရန် စည်းရိုးများကာရံထိန်းသိမ်း



**သထုံ မတ် ၁၀**

မွန်ပြည်နယ် သထုံမြို့ရှိ သုဝဏ္ဏဘူမိခေတ် မြေသားမြို့ရိုးဟောင်းအား ရေရှည်တည်တံ့ပြီး ပြည်တွင်း၊ပြည်ပ သုတေသီများလာရောက် လေ့လာရာတွင် ပိုမိုလွယ်ကူစေရန်နှင့် သမိုင်းအမွေအနှစ်များ ပျောက်ပျက်မသွားအောင် ထိန်းသိမ်းသည့်အနေဖြင့် မြို့ရိုးအကာအရံ စည်းရိုးများ ကာရံလျက်ရှိကြောင်း မွန်ပြည်နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မော်လမြိုင်ဌာနခွဲမှ သိရသည်။

"လက်ရှိအချိန်မှာတော့ အထင်ရှားဆုံးဖြစ်တဲ့ မြောက်ဘက်အတွင်းမြို့ရိုး အလျားပေ ၆၀၀ ကျော်နဲ့ အနံပေ ၅၀ လောက်ကို စပြီးကာနေတာပါ။ ပြီးရင် မြို့ရိုးပေါ်မှာ ပေါက်နေတဲ့ ချုံနွယ်တွေကိုရှင်းမယ်။ ဒါမှ သုဝဏ္ဏဘူမိ မြို့ရိုးဟောင်းဆိုတာ လူတွေသိမယ်။ စိတ်ဝင်စားသူတွေလည်း အလွယ်တကူလေ့လာနိုင်သလို ကာထားတဲ့အတွက်လာပြီး ကျူးကျော်ဖျက်ဆီးတာမျိုးလည်း မဖြစ်နိုင်တော့ဘူး"ဟု ပြည်နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်မိုးက ပြောသည်။

သုဝဏ္ဏဘူမိခေတ် သထုံမြို့ဟောင်းတွင် မြေသားမြို့ရိုးလေးထပ်ရှိပြီး အတွင်းမြို့ရိုးသည် အကျယ်အဝန်းအားဖြင့် အရှေ့အနောက် ပေ ၇၇၀၀ ဝန်းကျင်၊ တောင်မြောက် ပေ ၄၀၀၀ ဝန်းကျင်ခန့်ရှိမည်ဟု ခန့်မှန်းရကာ လက်ရှိအချိန်တွင် ခေတ်အဆက်ဆက်က ထိန်းသိမ်းမှုအားနည်းခဲ့ခြင်းကြောင့် တိမ်ကောပျက်စီးနေပြီး လူနေအိမ်ခြံဝင်းများ၊ လမ်းများအဖြစ် ပြောင်းလဲကုန်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

"ဒီလိုထိန်းသိမ်းတာကို လုပ်သင့်နေတာကြာပါပြီ။ အထင်အရှားရှိနေသေးတဲ့ မြို့ရိုးအားလုံးကို ထိန်းသိမ်းရမှာပါ။ တချို့ဆို မြို့ရိုးကိုဖြိုဖျက်ပြီး အိမ်ခြံလုပ်ထားသလို လမ်းတွေလည်းဖြစ်နေပြီ။ ဒီအတိုင်းဆိုကြာရင် သမိုင်းအမွေအနှစ်ဖြစ်တဲ့ မြို့ရိုးက ပျောက်တော့မယ်"ဟု ဒေသခံတစ်ဦးဖြစ်သည့် စောထွန်းဝင်းက ပြောသည်။

"သုဝဏ္ဏဘူမိဆိုတာ ကမ္ဘာမှာဒီနေ့အချိန် အထိထင်ရှားပြီး မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာ စတင်ရောက်ရှိလာတာနဲ့လည်း ဆက်စပ်နေတယ်။ ဒါကိုဒေသခံတွေနားလည်အောင်၊ ဆက်ပြီး မြို့ရိုးဖြိုဖျက်ကျူးကျော်တာမျိုးတွေ မလုပ်တော့အောင် အသိပညာပေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဖို့လိုပါတယ်။ နိုင်ငံခြားသားသုတေသီတွေကလည်း ဒီသထုံမြို့ရိုးကို စိတ်ဝင်စားကြတယ်။ အမြဲလိုလိုလာပြီး လေ့လာကြတယ်။ ဒီလိုစနစ်တကျထိန်းသိမ်းခြင်းက လာရောက်လေ့လာလိုသူတွေကို ပိုမိုဆွဲဆောင်ပြီး ဒေသရဲ့ခရီးသွားလုပ်ငန်းအတွက်လည်း အများကြီးအထောက်အကူဖြစ်မှာပါ" ဟု သထုံမြို့ဟောင်းသမိုင်းလေ့လာသူ ကိုဖိုးသားက ပြောသည်။

လက်ရှိတွင် မြောက်ဘက်အတွင်းမြို့ရိုး အလျားပေ ၆၀၀ ကျော်ခန့်အား အလှူရှင်တစ်ဦး၏ လှူဒါန်းငွေကျပ်သိန်း ၃၀ ဝန်းကျင်ခန့်ဖြင့် ကွန်ကရစ်တိုင်နှင့် အုတ်စီ၊ သံဆန်ခါကာခြင်းလုပ်ငန်းများကို မတ် ၂ ရက်မှ စတင်ကာ ဆောင်ရွက်နေပြီး အခြေ အနေပေးပါက မြေသားမြို့ရိုးဟောင်းနေရာအားလုံးကို ကာရံနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သော်လည်း လူနေအိမ်ခြံများအတွင်းရောက်ရှိနေသော မြို့ရိုးနေရာများအားချန်လှပ်ထားက လွတ်ကင်းသည့် နေရာများကို အဓိကထား ကာရံထိန်းသိမ်းနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း ပြည်နယ်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မော်လမြိုင်ဌာနခွဲမှ သိရသည်။

**သက်ဦး(သထုံ)**

○○

## ဖာလိန်ဒေသ၏ သယံဇာတကြွယ်ဝပုံနှင့် လူမှုစီးပွားဖြစ်ထွန်းပုံ အစီရင်ခံစာထုတ်ပြန်ခြင်းနှင့် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရေး မတ် ၁၀**

ဖာလိန်ဒေသ၏ သယံဇာတကြွယ်ဝပုံနှင့် လူမှုစီးပွားဖြစ်ထွန်းပုံ အစီရင်ခံစာထုတ်ပြန်ခြင်းနှင့် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ဖာလိန်ဒေသခံများ၊ မွန်ပြည်နယ်လူ့အခွင့်အရေးဖောင်ဒေးရှင်း၊ ပေါင်းကူး၊ ဂေဟစနစ်ပြန်လည်ထူထောင်ရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်းကာ ရန်ကုန်မြို့ အော့(ခ်)ခစ်ဟိုတယ်၌ မတ် ၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ဖာလိန်ဒေသသည် မွန်ပြည်နယ်တောင်ပိုင်းရှိ အဓိကကျသော ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော ရေးမြို့၏ အနောက်မြောက်ဘက်တွင် တည်ရှိသော ဒေသတစ်ခုဖြစ်သည်။ ဖာလိန်ဒေသတွင် တောင်ကုန်းတောင်တန်းများ၊ ဥယျာဉ်ခြံများ၊ လယ်ကွင်းလယ်ကွက်များ၊ ဒီရေတောများ၊ မြစ်ချောင်းအင်းအိုင်များနှင့် ပင်လယ်ကမ်းစပ်များ စသည်ဖြင့် တန်ဖိုးထားရမည့် ဂေဟစနစ်များစွာရှိကြောင်းနှင့် ငါးမျိုးစိတ် ၁၃၈ မျိုး၊ အခြားရေသတ္တဝါမျိုးစိတ် ၄၀၊ ငှက်မျိုးစိတ် ၇၇ မျိုး၊ ဒီရေတောအပင်မျိုးစိတ် ၁၉ မျိုးတို့ရှိကြောင်း ဖာလိန်ဒေသ၏ သယံဇာတကြွယ်ဝပုံနှင့် လူမှုစီးပွားဖြစ်ထွန်းပုံအစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖာလိန်ဒေသ၏ သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတသည် ဒေသခံများ၏ ဝင်ငွေနှင့် အစားအစာအတွက် အဓိကကျသော အရင်းအမြစ်များဖြစ်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ဖာလိန်ဒေသတွင်ရှိသည့် ကျေးရွာခုနစ်ရွာ၏ စုစုပေါင်းဝင်ငွေသည် အနည်းဆုံးငွေကျပ် ၇၂၅၀၄၉၉၆၅၀ ရှိကြောင်း၊ ဝင်ငွေအများဆုံးရရှိသည့်လုပ်ငန်းမှာ ငါးလုပ်ငန်းဖြစ်ပြီး ငါးလုပ်ငန်းမှ ဝင်ငွေကျပ် ၃၂၆၃၄၀၀၀၀၀ ရရှိကြောင်း၊ ကွမ်းသီးခြံလုပ်ငန်းမှ ဝင်ငွေကျပ် ၃၀၀၈၅၂၀၀၀၀ ရရှိကြောင်း၊ သစ်သီးဥယျာဉ်ခြံလုပ်ငန်းမှ ဝင်ငွေကျပ် ၄၅၈၀၁၃၆၅၀ ရရှိကြောင်းနှင့် ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေကျပ် ၅၁၀၅၆၆၀၀၀ ရရှိကြောင်း အဆိုပါအစီရင်ခံစာက ဖော်ပြသည်။

အဆိုပါ ဖာလိန်ဒေသ၏ အေဒင်ဒေသတွင် မဂ္ဂါဝပ် ၁၂၈၀ ထွက်ရှိမည့် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် ရည်ရွယ်လျက်ရှိပြီး တိုယိုထိုင်းကုမ္ပဏီနှင့် လျှပ်စစ်ဝန်ကြီးဌာနတို့သည်လည်း ကျောက်မီးသွေးစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဧပြီလအတွင်းက နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားခဲ့ကြောင်း သိရသည်။

ထိုသို့ ကျောက်မီးသွေးစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် ရည်ရွယ်လျက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားခဲ့သော်လည်း ဒေသခံများက ကန့်ကွက်ခဲ့ခြင်းကြောင့် ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ဒေသခံပြည်သူများ၏ သဘောတူညီမှုကို မရရှိသဖြင့် စီမံကိန်းကို ဆိုင်းငံ့ကြောင်း ပြောကြားခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ထို့ပြင် ဒေသခံပြည်သူများကလည်း ကျောက်မီးသွေးစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကြောင့် မြေဆီမြေနှစ်များ ပျက်စီးကာ စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်လာမည့်အရေး၊ ရေအရင်းအမြစ်များ ထိခိုက်ပျက်စီးမည့်အရေး၊ စီမံကိန်းမှထွက်ရှိလာမည့် ဓာတုစွန့်ပစ်ပစ္စည်းများကြောင့် ရေနေသတ္တဝါများ သေဆုံးပျက်စီးမည့်အရေး စသည်တို့ကို စိုးရိမ်ပူပန်လျက်ရှိနေခြင်းတို့ကြောင့် မတ် ၉ ရက် နံနက်ပိုင်းတွင် ဖာလိန်ဒေသ၏ သယံဇာတကြွယ်ဝပုံနှင့် လူမှုစီးပွားဖြစ်ထွန်းပုံအစီရင်ခံစာထုတ်ပြန်ခြင်းနှင့် သတင်းစာရှင်းလင်းပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

## မိတ္ထီလာအဝေးပြေးယာဉ်ရပ်နားစခန်းသစ်ဖွင့်လှစ်နိုင်ရေး ယခင်နေရာဟောင်းမှ မော်တော်ယာဉ်ဂိတ်ပိုင်ရှင်များနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိ

**မိတ္ထီလာ မတ် ၁၀**

မိတ္ထီလာမြို့တွင် ရန်ကုန်-မန္တလေး ကားလမ်းမအနီး အောင်ဇေယျာရပ်ကွက် နယ်မြေတွင် တည်ဆောက်ပြီးသွားသည့် အဝေးပြေးယာဉ်ရပ်နားစခန်းသစ်ဖွင့်လှစ်နိုင်ရေးအတွက် ယခင်စုပေါင်းအဝေးပြေးယာဉ်ရပ်နားစခန်းဟောင်းမှ မော်တော်ယာဉ်ဂိတ်ပိုင်ရှင်များ ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ဇေယျာရွှေတိုးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့သည့် မိတ္ထီလာအဝေးပြေးယာဉ်ရပ်နားစခန်းသစ်မှာ တည်ဆောက်ရေးလုပ်ငန်းများ အားလုံးပြီးစီးသွားပြီဖြစ်၍ မူလစုပေါင်းအဝေးပြေးယာဉ်ရပ်နားစခန်းနေရာမှ မော်တော်ယာဉ်ဂိတ်ပိုင်ရှင်များ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် ယာဉ်ရပ်နားစခန်းအသစ်နေရာတွင် မော်တော်ယာဉ်ဂိတ်တစ်ခုအတွက် အခန်းတစ်ခန်းလျှင် ငွေကျပ်သိန်း ၄၂၀ ဖြင့် မော်တော်ယာဉ်ဂိတ်နှင့် ဆိုင်ခန်းရောင်းချရေးကော်မတီမှ ရောင်းချပေးသော်လည်း ရောင်းချသည့်ဈေးနှုန်းမှာ ယာဉ်ဂိတ်ပိုင်ရှင်များဘက်မှ ငွေကြေးမတတ်နိုင်သည့် ပမာဏဖြစ်နေသဖြင့် ဆွေးနွေးညှိနှိုင်းနေဆဲဖြစ်သည်ဟု ဆိုသည်။

"အခုတော့ မိတ္ထီလာအဝေးပြေးယာဉ်ရပ်နားစခန်းသစ်ဖွင့်လှစ်နိုင်ဖို့အတွက် အရင်ယာဉ်ရပ်နားစခန်းဟောင်းနေရာက ယာဉ်ဂိတ်ပိုင်ရှင်တွေနဲ့ ဆွေးနွေးညှိနှိုင်းနေတုန်းပဲရှိပါသေးတယ်။ ယာဉ်ရပ်နားစခန်းသစ်နေရာမှာ မော်တော်ယာဉ်ဂိတ်တစ်ခုအတွက် ဆိုင်ခန်းတစ်ခန်း ငွေကျပ်သိန်း ၄၂၀ နဲ့ ရောင်းချပေးပေမယ့် အများစုက မတတ်နိုင်ကြဘူး။ တချို့ဂိတ်ပိုင်ရှင်တွေက တန်ဖိုးနည်းအခန်း ဆောက်ပေးစေချင်တယ်။ ဒါကြောင့် ပြေပြေလည်လည်ဖြစ်အောင် ဆွေးနွေးညှိနှိုင်းနေတုန်း ရှိပါသေးတယ်"ဟု ယာဉ်ဂိတ်၊ ဆိုင်ခန်းများ ရောင်းချရေးကော်မတီ ဥက္ကဋ္ဌဦးစောဌေးက ပြောသည်။



ယခင်စုပေါင်းယာဉ်ရပ်နားစခန်း နေရာတွင် မူလဂိတ်ခန်းပိုင် မော်တော်ယာဉ်အသင်းပေါင်း ၂၆ သင်း၊ ပူးတွဲဖွင့်လှစ်ထားရှိသောအသင်း ၂၂ သင်း စုစုပေါင်း ၄၈ သင်းသာရှိသော်လည်း လက်ရှိဖွင့်လှစ်ပြေးဆွဲနေသည့် ယာဉ်အသင်းမှာ ၁၉ သင်းခန့်သာရှိကြောင်းနှင့် တချို့ယာဉ်ဂိတ်ပိုင်ရှင်များမှာ နေရာသစ်တွင် နေရာဟောင်းမှ ဂိတ်ခန်းတစ်ခန်းအတွက် တစ်ခန်းပြန်လည်ရရှိလိုသူများလည်း ရှိကြောင်း မြို့နယ်ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်ထံမှ သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## အခမဲ့ပညာဒါန နွေရာသီယဉ်ကျေးလိမ္မာ အခြေခံသင်တန်းဖွင့်

**ပုသိမ် မတ် ၁၀**။ ။ ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ မြက်တိုကျေးရွာအုပ်စု မယ်ဇလီကုန်းကျေးရွာ အ-မ-က ကျောင်း၌ မတ် ၉ ရက်က ငှက်ကြီးသိုက်ကုန်းကျောင်းတိုက်ဆရာတော် အရှင်ကုန္ဒကဦးဆောင်၍ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီယဉ်ကျေးလိမ္မာအခြေခံသင်တန်းကို စတင်ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို တစ်လတိတိ နေ့စဉ်ပိတ်ရက်မရှိဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ရာ ရပ်ရွာအတွင်းရှိ သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသားကျောင်းသူ ၁၂၀ တက်ရောက်သင်ကြားလျက်ရှိပြီး ယဉ်ကျေးလိမ္မာသင်တန်းပြီးဆုံးပါက ကွန်ပျူတာအခြေခံသင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်ပို့ချသင်ကြားပေးသွားရန် စီစဉ်ထားကြောင်း ဆရာတော်အရှင်ကုန္ဒက က ပြောကြားခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**



# ဘရက်ဒ်လေကူးပါးအတွက် ဈေးကြီးလွန်းတဲ့ ဘီယွန်းစေး



"American Sniper"ရုပ်ရှင်ရဲ့အဓိကဇာတ်ဆောင်မင်းသား ဘရက်ဒ်လေကူးပါးက ဂီတရုပ်ရှင် "A Star Is Born" ကို ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးသွားမှာဖြစ်ပြီး သူ့ရဲ့ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ဖို့ ပေါ့ပ်နာမည်ကျော် အဆိုတော်တစ်ဦးဖြစ်တဲ့ ဘီယွန်းစေးကို ကမ်းလှမ်းခဲ့ပေမယ့် ဘီယွန်းစေး တောင်းဆိုတဲ့ အနုပညာကြေးက များလွန်းတာကြောင့် မတတ်နိုင်ခဲ့ကြောင်း ကောလာဟလသတင်းတွေထွက်ခဲ့တယ်လို့ နယူးစ်ဒေ့ါကွန်းမှာ ဖော်ပြခဲ့ပါတယ်။

ဝါနာဘရားသားစ်ရုပ်ရှင်ထုတ်လုပ်ရေးက ဘရက်ဒ်လေကူးပါးကို ၁၉၅၀ ပြည့်နှစ်အတွင်းက ထွက်ရှိခဲ့တဲ့ ရုပ်ရှင်ကိုပြန်လည်ဆန်းသစ်ရိုက်ကူးမယ့် အဆိုပါရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ပေးဖို့နဲ့ ဒါရိုက်တာအဖြစ် ဆောင်ရွက်ပေးဖို့ ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။ ဘီယွန်းစေးကိုလည်း ယင်းရုပ်ရှင်ရဲ့အဓိက ဇာတ်ဆောင်မင်းသမီးအဖြစ် ကြယ်ပွင့်တစ်ဦးဖြစ်ဖို့ အိပ်မက်တွေရှိနေတဲ့ အမျိုးသမီးငယ်တစ်ဦးနေရာကနေ ပါဝင်သရုပ်ဆောင်ပေးဖို့ ကမ်းလှမ်းခဲ့တာ ဖြစ်ပါတယ်။

ဟောလိဝုဒ်မှ သတင်းရင်းမြစ်တစ်ဦးရဲ့ပြောကြားချက်အရ ဘီယွန်းစေးက အဆိုပါရုပ်ရှင်ကို လက်ခံရိုက်ကူးပေးဖို့ သရုပ်ဆောင်ကြေးကို အဆမတန် တောင်းဆိုခဲ့တဲ့အတွက် ရုပ်ရှင်ထုတ်လုပ်စရိတ်နဲ့ မကိုက်ညီတာကြောင့် အစီအစဉ်ပျက်ခဲ့ရကြောင်း သိရပါတယ်။

ယခုဘရက်ဒ်လေကူးပါး တာဝန်ယူရိုက်ကူးသွားမယ့်ရုပ်ရှင်ဟာ ၁၉၅၄ ခုနှစ်က ဝါနာဘရားသားစ်ရုပ်ရှင်ထုတ်လုပ်ရေးကပဲ ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ ဂီတရုပ်ရှင်ကို ပြန်လည်ရိုက်ကူးသွားမှာဖြစ်ပြီး ယင်းရုပ်ရှင်ဟာလည်း ၁၉၃၇ ခုနှစ်က ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဟောင်းကိုပြန်လည်ဆန်းသစ်ထားတာဖြစ်ပါတယ်။ ယင်းဂီတရုပ်ရှင်ကို ပြန်လည်ရိုက်ကူးဖို့ ၂၀၁၁ ခုနှစ်ကတည်းက ဟောလိဝုဒ်ရဲ့ ရုပ်ရှင်လောကမှာ ရေပန်းစားနေတာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်တုန်းက ယင်းရုပ်ရှင်ကိုပင် ဒါရိုက်တာ ကလင့်ထ်အိစ်ထ်ဝုဒ်က တာဝန်ယူရိုက်ကူးပြီး ဘီယွန်းစေး၊ တွမ်ခရုးစ်၊ ဝေလ်စမစ်သ်၊ ခရစ်စတင်ဘဲလ်နဲ့ လီရိုနာဒိုဒီကာပရီယိုတို့က ခေါင်းဆောင်ပါဝင်သွားဖို့ စီစဉ်ခဲ့ကြပေမယ့် နှောင့်နှေးကြန့်ကြာနေခဲ့ပါတယ်။

ယင်းကောလာဟလနဲ့ ပတ်သက်ပြီး လတ်တလောအချိန်အထိ ဘရက်ဒ်လေကူးပါးနဲ့ ဘီယွန်းစေးတို့ဘက်က တစ်စုံတစ်ရာတုံ့ပြန်ပြောဆိုခြင်းမျိုး မရှိသေးကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

# အေဗရယ်လားဗင်းနဲ့ ချက်ဒ်ကရိုဂါတို့ ပြန်တွဲနေကြပြီလား



ကနေဒါလူမျိုး ရော့ခ်အဆိုတော်၊ တေးရေးနဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ အေဗရယ်ရန်မိုနာ လားဗင်းဟာ သူ့ရဲ့ ခင်ပွန်းဟောင်းဖြစ်သူ ချက်ဒ်ကရိုဂါနဲ့ သူ့ရဲ့အသံသွင်းခန်းမထဲမှာ နှစ်ယောက်အတူ တွဲဖက်ရိုက်ကူးထားတဲ့ ဓာတ်ပုံကိုပြီးခဲ့တဲ့ မတ် ၈ ရက်က လားဗင်းက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်က နေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ လမ်းခွဲခဲ့ပြီဖြစ်ကြောင်း လားဗင်းက ၂၀၁၅ခုနှစ် စက်တင်ဘာလအတွင်းက ထုတ်ဖော်ပြောကြားခဲ့ပြီးတဲ့နောက် ယခုလိုသူတို့နှစ်ဦးကို အတူတွဲဖက်တွေ့မြင်ခဲ့ရတာမို့ လားဗင်းနဲ့ကရိုဂါတို့ရဲ့ ဇာတ်လမ်းဟာ မီဒီယာတွေအတွက် စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ခုအဖြစ် ပြန်လည်အသက်ဝင်လာခဲ့ရပြီ ဖြစ်ပါတယ်။

အေဗရယ်လားဗင်းနဲ့ ချက်ဒ်ကရိုဂါတို့နှစ်ဦးဟာ အိမ်ထောင်သက် နှစ်နှစ်ကြာပြီးတဲ့နောက် လမ်းခွဲလိုက်ပြီဖြစ်ကြောင်းကို ထုတ်ဖော်ပြောကြားခဲ့တာပါ။ ယခုလို သူတို့နှစ်ဦးရဲ့ အတူတွဲဖက်ရိုက်ကူးထားတဲ့ ဓာတ်ပုံကို လားဗင်းက ထုတ်ဖော်ပြသခဲ့ပြီးနောက် သူတို့နှစ်ဦးကို ပြန်လည်ပေါင်းစည်းလိုတဲ့ ပရိသတ်တွေကလည်း အွန်လိုင်းပေါ်ကနေတစ်ဆင့် ယခုလိုပေါင်းစည်းမှုကို ဝမ်းမြောက်ကြောင်း မှတ်ချက်တွေအမျိုးမျိုး ရေးသားဖော်ပြခဲ့ကြကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ဖေဖော်ဝါရီလအတွင်းကလည်း ဂရမ်မီပါတီကို အတူတွဲဖက်တက်ရောက်ခဲ့ကာ အတူရိုက်ကူးထားတဲ့ဓာတ်ပုံတွေကိုလည်း လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ပါတယ်။ လတ်တလောအချိန်အထိ လားဗင်းနဲ့ ကရိုဂါတို့နှစ်ဦးစလုံးက သူတို့ကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး တရားဝင် ထုတ်ဖော်ပြောကြားခဲ့တာ မရှိသေးပါဘူး။ ဒါ့ကြောင့် သူတို့ရဲ့ဇာတ်လမ်းဟာလည်း ဒွိဟတွေများစွာဖြစ်စေတဲ့ ငွေကြယ်ပွင့်တွေရဲ့ အချစ်ဇာတ်လမ်းတစ်ခုအဖြစ် တည်ရှိနေဆဲ ဖြစ်ပါတယ်။

— အေးပြည့် – ရေးသားသည် —

## ကြေးမုံ ရုပ်ရှင်အညွှန်း

# ရှေးဟောင်းအီဂျစ်နတ်ဘုရားများအကြောင်းကို ဒဏ္ဍာရီဆန်ဆန်စွာပုံဖော်ထားတဲ့ Gods of Egypt

လျှို့ဝှက်ဆန်းကြယ်ဒဏ္ဍာရီရုပ်ရှင် ဇာတ်ကားတစ်ကားဖြစ်တဲ့ Gods of Egypt ဇာတ်ကားဟာ ရှေးဟောင်းအီဂျစ်နတ်ဘုရားများအကြောင်းကို ဒဏ္ဍာရီဆန်စွာပုံဖော်ထားတဲ့ဇာတ်ကား တစ်ကားဖြစ်ပါတယ်။

Gods of Egypt ဇာတ်ကားကို ဩစတြေးလျမှာအခြေတည်ရိုက်ကူးထားပြီး ရိုက်ကူးမှုကုန်ကျစရိတ် အမေရိကန်ဒေါ်လာ သန်း ၁၄၀ အကုန်ကျခံရိုက်ကူးထားတယ်လို့ သိရပါတယ်။



ဇာတ်လမ်းအကျဉ်းကို အမြည်းတင်ဆက်ရမယ်ဆိုရင် တစ်ချိန်က ချမ်းသာကြွယ်ဝပြီး ငြိမ်းချမ်းသာယာတဲ့ အီဂျစ်ပြည်ကြီးဟာ အခုအချိန်မှာ ရက်စက်ကြမ်းကြုတ်ပြီး သနားညာတာမှုကင်းမဲ့တဲ့ အမှောင်ကမ္ဘာရဲ့နတ်ဘုရားက အုပ်ချုပ်တဲ့အခါ အရာရာဟာ ချွတ်ခြုံကျပြီး ဖရိုဖရဲဖြစ်လာပါတယ်။ အမှောင်ကမ္ဘာရဲ့ဘုရားဖြစ်သူကို ပုန်ကန်တော်လှန်ရဲတဲ့သူမရှိပေမယ့် ၎င်းရဲ့ မတရားဖမ်းဆီးထားခြင်းကို ခံနေရတဲ့ချစ်သူအတွက် "ဘိခ်"ဟာ တန်ခိုးအာဏာကြီးမားတဲ့ နတ်ဘုရား "ဟောစ်" ရဲ့အကူအညီနဲ့ ပုန်ကန်ဖို့ကြိုးစားပါတယ်။ အမှောင်ကမ္ဘာဘုရားရဲ့ သစ္စာခံတပ်သားတွေနဲ့ နတ်ဘုရား "ဟောစ်" ရဲ့ထောက်ခံမှုရထားတဲ့ "ဘိခ်"ရဲ့တိုက်ပွဲကနေတစ်ဆင့် အားလုံးဟာ ဘဝကူးတဲ့ဘုံအဆင့်ဆင့်ကိုဖြတ်ကျော်ပြီး ကောင်းကင်ဘုံမှာ အားလုံးထဲက သတ္တိအရှိဆုံးနဲ့ အနစ်နာခံဆုံးသူတွေသာရောက်ရှိစေမယ့် နောက်ဆုံးတိုက်ပွဲဆင်နွှဲကြပုံကို လျှို့ဝှက်ဆန်းကြယ်စွာ ရိုက်ကူးတင်ပြထားတဲ့ အီဂျစ်ဒဏ္ဍာရီရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ပါတယ်။

[ဖြိုးစန္ဒာမြင့်]

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၁ - ၃ - ၂၀၁၆ (သောကြာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၉း၃၅ အနုပညာသတင်းအစီအစဉ်
- ၁၀း၃၅ မြန်မာရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၁း၁၅ Weekly Sport Info
- ၁၁း၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
- ၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၁း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၂၀)
- ၂း၂၀ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂)
- ၂း၅၀ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၃း၃၅ ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
- ၄း၃၅ Football Magazine (ရုတနာပုံယူနိုက်တက်အသင်း)
- ၅း၁၅ Catch Asia News
- ၅း၃၅ Hyper Sports
- ၆း၃၅ The Farmer
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၁၀) -ချစ်သောဤကမ္ဘာမြေ

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
- ၆း၂၀ ပြည်သူ့နီတိ "ဖြေ"
- ၆း၄၀ တေးဂီတအစီအစဉ်
- ၇း၀၀ ကိုရီးယားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၈၁)
- ၇း၅၀ ကိုရီးယားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၂၇)
- ၈း၄၀ ကာတွန်းအစီအစဉ် "BEN 10 ALIEN FORCE (Part-IX)"
- ၉း၀၀ မိုးလေဝသအစီအစဉ်
- ၉း၁၀ တေးဂီတအစီအစဉ်
- ၉း၃၀ မြန်မာ့ရိုးရာတူရိယာ "ဗုံ"
- ၉း၅၀ English Premier League (Review) (အပိုင်း-၃)
- ၁၀း၀၀ အကပဒေသာ
- ၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "နှင်းချယ်ရီမြိုင်" (နိုင်းနိုင်း၊ နန္ဒာလှိုင်)

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅း၄၀ "သစ္စာသိမြင် နိဗ္ဗာန်ဝင်" တရားတော် (ဆရာတော် အရှင်သုဇန)
- ၈း၀၀ "မင်္ဂလာပါ" the Morning Show
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား"(အပိုင်း-၄၇)
- ၁၀း၅၅ အနုပညာမိုးကောင်းကင်
- ၁၁း၁၅ Food & D'ecor
- ၁၁း၄၀ MRTV-4 Stage
- ၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်"(အပိုင်း-၃၁)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၃၈)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၂၈)
- ၄း၀၅ Cartoon Series (Welcome To Sky Ville)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၂၉)
- ၇း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းနှစ်မြွာ" (အပိုင်း-၃၉)
- ၈း၂၅ ရသစုံညွှန်းတမ်းများ
- ၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား (အပိုင်း-၄၈)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်"(အပိုင်း-၃၂)
- ၁၀း၅၀ World of Knowledge (Cosmos A Space Odyssey)

## mitv

- 07:26 A Glance At A Naga Family Life
- 07:45 Htan Taw Drums (Part-II) "Dobat"
- 08:26 Ambassador’s View: Singapore-Myanmar Bilateral Ties
- 08:52 Cultural Show: Theatrical Make Up
- 09:26 Tigers, Lions and The Guardians
- 09:36 Natural Mineral Water
- 09:52 A Nun's Creation in Fruit Carving
- 10:26 Jeyyanandi (A Day in the Life of a Nun)
- 10:43 Village Belle
- 07:26 To My Dream City (Part- 2)
- 07:44 Myanmar Traditional Toys
- 08:26 An Aficionado Of Alluring Antiques

# ပီအက်စ်ဂျီနှင့် ဘင်ဖီကာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် တက်လှမ်း

ငွေကြယ်



ပီအက်စ်ဂျီအသင်းနှင့် ဘင်ဖီကာအသင်းတို့သည် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ပြိုင်ပွဲတွင် ပြိုင်ဘက်အသီးသီးအား အနိုင်ရရှိခဲ့ခြင်းကြောင့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်တွင် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည်(၁၆)သင်းအဆင့် ပထမအကျော့တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အပြင် ယခုဒုတိယအကျော့တွင်လည်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိလိုက်ခြင်းဖြစ်သည်။

ဒုတိယအကျော့တွင် ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ရာဘီရော့နှင့် အီဘရာဟီမိုဗစ်တို့က သွင်းယူပေးခဲ့ပြီး ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးကို ကော်စတာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပီအက်စ်ဂျီတိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ယခုပွဲစဉ်တွင် ဂိုးသွင်းနိုင်ခဲ့ခြင်းကြောင့် ဥရောပပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၅၀ အထိ ရှိလာခဲ့ပြီး ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဒရော့ဘာနှင့် စံချိန်တူညီသွားခဲ့ပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပီအက်စ်ဂျီအသင်းအား ရှုံးနိမ့်ခဲ့ခြင်းကြောင့် ချန်ပီယံလိဂ်ကို လက်ပြနှုတ်ဆက်လိုက်ရပြီဖြစ်သည်။ ထို့ပြင် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင်လည်း အဆင့်(၁၀)၌ ရပ်တည်နေခြင်းကြောင့် လာမည့်ဘောလုံးရာသီတွင် ဥရောပဝင်ခွင့်တစ်နေရာကိုပါ လက်လွှတ်ရရန်ရှိနေသည်။ လက်ရှိတွင်လည်း တိုက်စစ်ပိုင်းတွင် ဒီယေဂိုကော်စတာနှင့် ဟာဇက်တို့ ဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် အဲဗာတန်အသင်းနှင့်ကစားမည့် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်တွင် ထပ်မံရှုံးနိမ့်ရနိုင်ချေများနေသည်။ -- correction below

ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ပြိုင်ပွဲ၏ အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် ဇင်းနစ်အသင်းနှင့် ဘင်ဖီကာအသင်းတို့၏ ပွဲစဉ်တွင် ဘင်ဖီကာအသင်းက နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပထမအကျော့တွင် ဘင်ဖီကာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့အဝေးကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ထပ်မံအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ထို့ကြောင့် ဘင်ဖီကာအသင်းသည်လည်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်တက်လှမ်းနိုင်မည့် အခွင့်အရေးတစ်ရပ်ရသွားခဲ့သည်။

## မတ် ၁၂ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**အက်ဖ်အေဖလား (ကွာတားဖိုင်နယ်)**

ရက်ဒင်း - ခရစ္စတယ်ပဲလေ့စ် နံနက်-၂း၂၅

**လာလီဂါ (ပွဲစဉ်-၂၉)**

မာလာဂါ - စပို့တင်းဂီဂျွန် နံနက်-၂း၀၀

**စီးရီးအေ (ပွဲစဉ်-၂၉)**

ဂျူဗင်တပ် - ဆာစူအိုလို နံနက်-၂း၁၅

**ဘွန်ဒက်စ်လီဂါ (ပွဲစဉ်-၂၆)**

ဟာသာဘာလင် - ရှော်လ်ကေး နံနက်-၂း၀၀

**ပြင်သစ် လီဂူး (ပွဲစဉ်-၃၀)**

မိုနာကို - ရိမ်းစ် နံနက်-၂း၀၀

(မောင်မောင်ဇော်)

# အဝေးကွင်းလက်မှတ်စျေးနှုန်းများကို ပေါင် ၃၀ သတ်မှတ်မည်

ပရီမီယာလိဂ်အသင်းများသည်လာမည့် ဘောလုံးရာသီ သုံးရာသီအထိ အဝေးကွင်းလက်မှတ်စျေးနှုန်းများအား ပေါင် ၃၀ သာ သတ်မှတ်ရန် သဘောတူညီခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လာမည့်ရာသီလက်မှတ်စျေးနှုန်းများမြင့်တက်လာမည့်ကိစ္စရပ်မှာ ပရိသတ်များနှင့်ပရီမီယာလိဂ်ကလပ်အသင်းများအကြား အဓိကအငြင်းပွားနေသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ ပရီမီယာလိဂ်အသင်းများသည် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း လာမည့်ရာသီ အမြင့်ဆုံး လက်မှတ်စျေးနှုန်းကို ၇၇ ပေါင်အထိ သတ်မှတ်မည်ဖြစ်ကြောင်း ကြေညာခဲ့ရာ ပရိသတ်များက "ပရိသတ်များမှာ ဖောက်သည်မဟုတ်"အစရှိသော ဆိုင်းဘုတ်များကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြသည်။

ယခုမူ ပရီမီယာလိဂ်အသင်း ၂၀ လုံးသည် လာမည့်ဘောလုံးရာသီမှစ၍ အဝေးကွင်းတွင်လိုက်လံအားပေးမည့် ပရိသတ်များအတွက် လက်မှတ်စျေးနှုန်းကို ပေါင် ၃၀ သာ သတ်မှတ်ရန် တညီတညွတ်တည်း သဘောတူခဲ့ကြခြင်းဖြစ်သည်။ ပရီမီယာလိဂ်၏ ထုတ်ပြန်ချက်တွင်"အဝေးကွင်းတွင်လိုက်လံအားပေးရသည့် ပရိသတ်များမှာ ပွဲလက်မှတ်ဖိုး ကုန်ကျသကဲ့သို့ ခရီးသွားစရိတ်များလည်း ထပ်ပိုးကုန်ကျမှုရှိသည်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေအနေအားလုံးကို သက်သောင့်သက်သာရှိရန် စီစဉ်ပေးရမည်ဖြစ်ကြောင်း" ထည့်သွင်းဖော်ပြသည်။ ပရီမီယာလိဂ်ရှစ်သင်းက အဝေးကွင်းလက်မှတ်စျေးနှုန်း ပေါင် ၃၀ သာ သတ်မှတ်ရန် အစောပိုင်းကတည်းက သဘောတူညီခဲ့ကြသော်လည်း ကိုးသင်းကမူ အနိမ့်ဆုံး အဝေးကွင်းလက်မှတ်စျေးနှုန်းကိုပင် ပေါင် ၃၀ အထက်သတ်မှတ်ရန်သာ ဆန္ဒရှိခဲ့ကြကြောင်း ဘီဘီစီလက်မှတ်စျေးနှုန်း လေ့လာရေးအဖွဲ့၏ အောက်တိုဘာလအတွင်း ထုတ်ပြန်ခဲ့သော ကနဦး အစီရင်ခံစာအရ သိရသည်။

သို့သော် ဘောလုံးပရိသတ်များအဖွဲ့ချုပ်(FSF)ဘက်ကမူ အနိမ့်ဆုံး အဝေးကွင်းလက်မှတ်စျေးနှုန်းကို ပေါင် ၂၀ လောက်အထိ လျှော့ချပေးရန် မျှော်လင့်ထားသောကြောင့် မျှော်မှန်းချက်နှင့် မကိုက်ညီသေးကြောင်း ထုတ်ပြန်လိုက်သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်က ပရီမီယာလိဂ် လက်မှတ်စျေးနှုန်းများကို "အများတတ်နိုင်သည့်စျေးနှုန်း"ရောက်ရှိရေး ညှိနှိုင်းဆွေးနွေးရန် ညွှန်ကြားခဲ့သည်။ ယင်းသို့ ညွှန်ကြားပြီးနောက် တစ်ပတ်အတွင်းမှာပင် ယခုကဲ့သို့ စျေးနှုန်းတစ်ရပ်ကို အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

[မေလဲ့သင်း]

# တင်းနစ်လောကကို ကျောခိုင်းမှာမဟုတ်ဘူးလို့ ရှာရာပိုဗာ ပြောပြီ



ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာက သူ့အနေနဲ့ လေးနှစ်လောက်အထိ ကစားခွင့် ပိတ်ပင်ခံရမယ့် ပြစ်ဒဏ်ကျခံရနိုင်ပေမယ့် တင်းနစ်လောကကို ကျောခိုင်းသွားမှာ မဟုတ်ဘူးလို့ ပြောပါတယ်။

ရှာရာပိုဗာက သူဟာ ပြီးခဲ့တဲ့ဇန်နဝါရီလအတွင်း ယှဉ်ပြိုင်ကစားခဲ့တဲ့ ဩစတြေးလျအိုးပင်းမှာ ဆေးကျခဲ့တာဖြစ်ကြောင်း ဝန်ခံပြီးနောက် သူ့ရဲ့အမာခံပရိသတ်တွေက အီးမေးလ်ကနေတစ်ဆင့် ရှာရာပိုဗာကိုထောက်ခံကြောင်း စာတွေပို့ခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်း ဖေ့ဘွတ်ခ် စာမျက်နှာပေါ်မှ ပြန်လည်ရေးသားရင်း အခုလို ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ပါတယ်။

ရှာရာပိုဗာဟာ တားမြစ်ဆေးစာရင်းမှာ မကြာခင်ကမှ ထည့်သွင်းခဲ့တဲ့မယ်လ်ဒိုးနီးယန်းဆေး သုံးစွဲထားကြောင်း တွေ့ရှိခဲ့တဲ့အတွက် ဆေးကျခဲ့တာဖြစ်ပါတယ်။ကမ္ဘာလုံးဆိုင်ရာ ကစားသမားများ တားမြစ်ဆေးသုံးစွဲမှု တားဆီးရေး အေဂျင်စီ(Wada)က မယ်လ်ဒိုးနီးယန်းကို တားမြစ်ဆေး စာရင်းထဲမှာ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၁ ရက်ကမှ ထည့်သွင်းခဲ့တာဖြစ်ပါတယ်။ မယ်လ်ဒိုးနီးယန်းက နှလုံးရောဂါနဲ့ ဆီးချိုရောဂါတွေကုသရာမှာ အသုံးပြုနေတဲ့ဆေးဖြစ်ပေမယ့် သူ့ရဲ့အာနိသင်က ကြွက်သားတွေထဲ အောက်ဆီဂျင်စီးဝင်မှုပမာဏ တိုးပွားစေလို့ အမောခံနိုင်မှု အားကောင်းစေပါတယ်။

ဒါ့ကြောင့် ကစားသမားတွေအနေနဲ့ သုံးစွဲခြင်းမပြုရဆိုတဲ့ ဆေးအမျိုးအစားထဲမှာ ထည့်သွင်းဖို့ (Wada)က ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

[မေလဲ့သင်း]

# စပိန်လာလီဂါရင်ခုန်သံ-၂၉

***စပိန်လာလီဂါပွဲစဉ်(၂၉)ကိုလာမယ့် မတ် ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက် တွေမှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဆီဗီလာနဲ့ဗီလာရီးယဲလ်တို့ ဆုံတွေ့တဲ့ပွဲကောင်းပါဝင်နေလို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒီပွဲစဉ်မှာတော့ အိမ်ကွင်းပွဲကစားရမယ့် ဘာစီလိုနာနဲ့ အက်သလက်တီကိုတို့ကတော့ နိုင်ပွဲတွေရယူသွားနိုင်မယ့်အခြေအနေမှာရှိနေပါတယ်။ ရီးယဲလ်လည်းနိုင်ပွဲ ရသွားမှာပါ။***

**မာလာဂါ - ဂီဂျွန်** နံနက် ၂း၀၀ (၁၂-၃-၁၆)

မာလာဂါရဲ့ခြေစွမ်း တောက်လျှောက်နီးပါးကျဆင်းလာနေပါတယ်။ အိမ်ကွင်းပွဲတွေမှာတောင် ရလဒ်ကောင်းဖို့ရုန်းကန်နေရပါတယ်။ အထူးသဖြင့်တိုက်စစ်ပိုင်းက တစ်ပွဲတစ်ဂိုးသွင်းယူနိုင်ဖို့အတွက်တောင်မှ အခက်အခဲနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် အိမ်ကွင်းဖြစ်ပေမယ့် တန်းမဆင်းရဖို့ရုန်းကန်ကစားလာမယ့် ဂီဂျွန်ကို မာလာဂါတို့ အသာရဖို့ခက်ခဲနိုင်ပြီး သရေလောက်ပဲကစားနိုင်မယ်။

**ဘာစီလိုနာ - ဂီတာဖေး** ည ၉း၃၀ (၁၂-၃-၁၆)

ဘာစီလိုနာဟာ ဒီပွဲစဉ်အပြီးမှာ ချန်ပီယံလိဂ်ဒုတိယအကျော့အဖြစ် အာဆင်နယ်နဲ့ ရင်ဆိုင်ရမှာဖြစ်ပေမယ့်လည်း ပထမအကျော့မှာ အဝေးကွင်းနိုင်ပွဲရခဲ့သလို သွင်းဂိုးနှစ်ဂိုးလည်းရယူနိုင်ခဲ့လို့ အဆိုပါချန်ပီယံလိဂ်ပွဲစဉ်ထက် လာလီဂါမှာ အမှတ်အသာရမှုကိုလျှော့မသွားအောင်ပိုမိုဂရုစိုက်ကစားလာနိုင်ပါတယ်။ ဂီတာဖေးကတော့ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေပေမယ့်လည်း ခြေကအားနည်းမှုတွေများလွန်းနေပါတယ်။ အဝေးကွင်းပွဲတွေမှာလည်း ဂီတာဖေးတို့ခြေပိုမိုအားနည်းတတ်လို့ ဘာစီလိုနာပဲဂိုးပြတ်အနိုင်ရမယ်။

**ဆယ်လ်တာဗီဂို - ဆိုစီဒက်** ည ၁၁း၄၅ (၁၂-၃-၁၆)

ဆယ်လ်တာဗီဂိုဟာ အခုနောက်ပိုင်းပွဲတွေမှာဥရောပဝင်ခွင့်ရယူ နိုင်ဖို့အတွက်ပွဲတိုင်းကို အားစိုက်ကစားနေသလို ရလဒ်တွေလည်း ပြန်လည်ကောင်းမွန်လာနေပါတယ်။ တိုက်စစ်ကစားပုံထက်မြက်မှု အနည်းငယ်အားနည်းပေမယ့်လည်း ခံစစ်ကတော့ကစားပုံကောင်းမွန်လာပါတယ်။ အိမ်ကွင်းလည်းဖြစ်လို့ ဆယ်လ်တာဗီဂို တိုက်စစ်ဖွင့်ကစားလာရင် ဆိုစီဒက်ခံစစ်ကို ဖိအားပေးနိုင်မှာသေချာနေပါတယ်။ဆယ်လ်တာဗီဂိုကသာ နိုင်ပွဲရယူသွားနိုင်မှာပါ။

**အက်သလက်တီကို - ဒီပို့တီဗို** နံနက် ၂း၀၀ (၁၃-၃-၁၆)

အက်သလက်တီကိုဟာဒီပွဲစဉ်အပြီးမှာ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ပီအက်စ်ဗွီနဲ့အိမ်ကွင်းပွဲစဉ်ကစားရဖို့ရှိနေပါတယ်။ ပထမအကျော့က ဂိုးမရှိသရေကျခဲ့ရတာကြောင့်လည်း အခုဒုတိယအကျော့ အက်သလက်တီကိုတို့ နိုင်ပွဲရအောင်ကစားရမယ့် အခြေအနေဖြစ်နေပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာတော့ အက်သလက်တီကိုအနေနဲ့ ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲလာနိုင်ပါတယ်။ ဒါပေမယ့် ဒီပို့တီဗိုခြေကလည်း အားနည်း မှုတွေများနေတာကြောင့် အက်သလက်တီကိုပဲအနိုင်ရမယ်။

**ဗယ်လက်ကာနို - အီဘား** နံနက် ၃း၁၅ (၁၃-၃-၁၆)

တန်းမဆင်းရဖို့အတွက် ရုန်းကန်နေတဲ့ ဗယ်လက်ကာနိုခြေက အခုနောက်ပိုင်းမှာ ကောင်းမွန်မှုရှိလာတာကို တွေ့ရပါတယ်။ အိမ်ကွင်းပွဲဖြစ်နေတာကြောင့်လည်း ဗယ်လက်ကာနိုတို့အားစိုက်ကစားလာဦးမှာဖြစ်သလို အိမ်ကွင်းပွဲတွေမှာလည်း ရုန်းကန်အား ပိုမိုကောင်းမွန်တတ်ပါတယ်။ အီဘားကတော့ အခုနောက်ပိုင်းပွဲတွေမှာ ခြေကကျဆင်းမှုတွေရှိနေကာ ခံစစ်ပိုင်းကဂိုးတွေပေးနေရတာကိုတွေ့နေရပါတယ်။ ဗယ်လက်ကာနိုပဲအနိုင်ရမှာပါ။

**လီဗန်တေး - ဗလင်စီယာ** ညနေ ၅း၃၀ (၁၃-၃-၁၆)

အခုနောက်ပိုင်းပွဲတွေမှာ ဗလင်စီယာခြေကတိုးတက်မှုတွေရှိလာတယ်လို့ ဆိုနိုင်ပါတယ်။ တိုက်စစ်ကဂိုးသွင်းခြေအနည်းငယ်ပြန်ရလာသလို နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းနှစ်ပွဲဆက်တိုက်အနိုင်ရခဲ့ တာကိုလည်းတွေ့ရပါတယ်။ လီဗန်တေးကတော့ အမှတ်ပေးဇယားအောက်ဆုံးကအသင်းပါ။ တန်းမဆင်းရဖို့ ရုန်းကန်နေပေမယ့် ခံစစ်ကကျစ်လျစ်မှုမရှိခြင်းနဲ့အတူ ရှုံးပွဲတွေများနေပါတယ်။ ဗလင်စီယာအနေနဲ့ ဒီလိုပွဲစဉ်မျိုးမှာလည်း အမှတ်ပြည့်ရအောင် အားစိုက်လာမှာ သေချာနေသလို နိုင်ပွဲလည်းရယူသွားနိုင်မှာပါ။

**ဆီဗီလာ - ဗီလာရီးယဲလ်** ည ၉း၃၀ (၁၃-၃-၁၆)

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ နှစ်သင်းစလုံးယူရိုပါလိဂ်ပွဲတွေကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပေမယ့်လည်း ဒီဆုံတွေ့မှုဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ရေးအတွက် အရေးပါတဲ့ဆုံတွေ့မှုဖြစ်နေ တာကြောင့် အားစိုက်ကစားကြမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာတော့ နှစ်သင်းစလုံးရဲ့ခြေကကောင်းမွန်နေတယ်လို့ဆိုနိုင်ပါတယ်။ ဒါပေမယ့် ဗီလာရီးယဲလ်ကတော့ အဝေးကွင်းပွဲတွေမှာ ခြေကအနည်းငယ်တည်ငြိမ်မှုမရှိတတ်တာကိုသတိပြုရမှာပါ။ အိမ်ကွင်းပွဲတွေမှာ ခြေပိုကောင်းတတ်တဲ့ ဆီဗီလာပဲနိုင်ပွဲရသွားနိုင်ပါတယ်။

**ဘီဘာအို - ဘတ်တစ်** ည ၁၁း၄၅ (၁၃-၃-၁၆)

ဆီဗီလာ၊ ဆယ်တာဗီဂိုတို့နဲ့ အမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် ဥရောပဝင်ခွင့်မျှော်လင့်နိုင်တဲ့ ဘီဘာအိုဟာနောက်ပိုင်းပွဲစဉ်တွေကို အာရုံစူးစိုက်မှုအပြည့်နဲ့ကစားနေကာ ရလဒ်တွေလည်း ကောင်းမွန်နေပါတယ်။ ဒီပွဲကလည်း အိမ်ကွင်းဖြစ်လို့ ဘီဘာအိုတို့ အမှားခံမှာမဟုတ်သလို အိမ်ကွင်းပွဲတွေမှာလည်းခြေပိုကောင်းတတ်လို့ ဘတ်တစ်ကိုထိန်းချုပ်နိုင်မှာပါ။ ဘက်တစ်ခြေကကောင်းနေပေမယ့် ဒီပွဲမှာတော့ သရေလောက်ပဲရမယ်။

**လက်စ်ပဲလ်မက်စ် - ရီးယဲလ်** နံနက် ၂း၀၀ (၁၄-၃-၁၆)

ရီးယဲလ်ဟာ ဒီပွဲမတိုင်ခင်မှာ ချန်ပီယံလိဂ်ပွဲစဉ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပေမယ့် ဘာစီလိုနာ၊ အက်သလက်တီကိုတို့နဲ့ အမှတ်ကွာဟမှုပိုများမသွားအောင် ဂရုတစိုက်ကစားလာဖို့ရှိနေပါ တယ်။ ရီးယဲလ်အနေနဲ့ အဝေးကွင်းပွဲတွေမှာပိုမိုရုန်းကန်ရတတ်သလို ဘင်ဇီမာ မပါဝင်နိုင်တာကြောင့်လည်းတိုက်စစ်က ဂိုးသွင်းအားကျဆင်းနိုင်ပေမယ့် လက်စ်ပဲလ်မက်စ်ကိုတော့ ဖိအားပေးကစားသွားနိုင်မှာပါ။ လက်စ်ပဲလ်မက်စ်က တန်းမဆင်းရဖို့ခံကစားမှာဖြစ်တဲ့အတွက် ရီးယဲလ်တို့အခက်တွေ့နိုင်ပေမယ့်လည်း နိုင်ပွဲတော့ရယူသွားနိုင်မှာပါ။

**ဂရန်နာဒါ - အက်စ်ပန်ညို** နံနက် ၂း၀၀ (၁၅-၃-၁၆)

ဂရန်နာဒါဟာ တန်းဆင်းဇုန်ထဲကရုန်းထွက်နိုင်ဖို့အတွက် အားစိုက်ကစားနေသလို ရလဒ်ပိုင်းကလည်း တိုးတက်မှုတွေရှိလာနေပါတယ်။ အိမ်ကွင်းပွဲစဉ်ဖြစ်နေတာကြောင့်လည်း ဒီပွဲစဉ်မှာ အားစိုက်ကစားလာဦးမှာသေချာနေပါတယ်။ ဒါပေမယ့် အက်စ်ပန်ညိုကလည်း တန်းမဆင်းရဖို့ အာမခံချက်မရှိသေးတာကြောင့် အားစိုက်ကစားလာမှာကိုလည်းသတိပြုရပါလိမ့်မယ်။ ဂရန်နာဒါရဲ့ အိမ်ကွင်းဖြစ်ပေမယ့်လည်းသရေကျဖို့များတယ်။ [ရှိုင်းမင်းမင်း]

# တောင်ကြီးမြို့တွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပ

**တောင်ကြီး မတ် ၁၀**

ကျား၊ မတန်းတူ ကမ္ဘာတစ်ဝန်း ၂၀၃၀ ရည်ကာမှန်း အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို မတ် ၈ ရက် နံနက် ၉ နာရီက မြို့တော်ခန်းမ၌ကျင်းပရာတွင် ရှမ်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးထုများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုအရ အမျိုးသမီးများ၏ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဗဟိုချက်လုပ်ငန်းအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာနနှစ်ခု၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း လေးကျောင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်းနှင့် အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာနနှစ်ခုတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

တောင်ကြီးမြို့တွင် အမျိုးသမီးပရဟိတဂေဟာသည် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထောက်ပံ့ကြေးပေးလျက်ရှိသော ဒုတိယအဆင့်ဂေဟာတစ်ခုတွင် အမျိုးသမီးငယ် ၄၆ ဦး လက်ခံစောင့်ရှောက်လျက်ရှိသည်။

အမျိုးသမီးအခွင့်အရေးနှင့် ကျား၊ မတန်းတူညီမျှမှုဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များ ဆက်လက်ဆောင်ရွက်ရန်၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေကြသော အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အမျိုးသမီးအခွင့်အရေးများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားရန်၊ ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့၏ ဆောင်ပုဒ်ဖြစ်သော ကျား၊ မတန်းတူ ကမ္ဘာတစ်ဝန်း ၂၀၃၀ ရည်ကာမှန်းနှင့်အညီ ကျား၊ မတန်းတူ အခွင့်အရေးများရရှိသည့် မြန်မာအမျိုးသမီးများဟာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားအောင် စံနမူနာပြအဖြစ် ကြိုးပမ်းသွားရန် ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံမှပေးပို့သည့် သဝဏ်လွှာကို ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ပြည်နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်က ဖတ်ကြားပေးခဲ့သည်။

ထူးချွန်အမျိုးသမီးများကို ဆုချီးမြှင့်ရာတွင် ရှမ်းပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနမှူး ဒေါ်နန်းမိုခမ်း၊ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဌာနမှူး ဒေါ်မြမြစိန်၊ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မီမီချမ်းတို့အား အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ခမောက်ကြီးဒေသထွက်တံမြက်စည်း(ဂျူတံ)များ လှိုင်လှိုင်ပေါ်နေ



**ခမောက်ကြီး မတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခမောက်ကြီးမြို့နယ်မှထွက်ရှိသော တံမြက်စည်း(ဂျူတံ)များသည် ယခုနှစ်တွင် ဒေသအတွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်တစ်ခုအနေဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း အဆိုပါအလုပ်ရုံများမှ သိရသည်။

"အများစုကတော့ ခမောက်ကြီးမြို့နယ်နဲ့အနီးတစ်ဝိုက်ကထွက်ရှိတဲ့ (ဂျူပင်) တံမြက်စည်းများကို လာသွင်းတာများပါတယ်။ ရုံတွေက ကုန်ကြမ်းတွေကို တစ်ပင်တစ်ကျပ်နှုန်းနဲ့ အပင်သေးဆိုရင် တစ်ပင်ပြား ၈၀ ထိ သတ်မှတ်ဝယ်ယူကြပါတယ်"ဟု လုပ်ကိုင်သူတစ်ဦးက ပြောသည်။

(ဂျူတံ) တံမြက်စည်းများသည် ခမောက်ကြီးဒေသအတွင်းရှိ တောတောင်များတွင် အများဆုံးထွက်ရှိသည့် အလေ့ကျပေါက်သော အပင်တစ်မျိုးဖြစ်ပြီး အပင်တစ်ထောင်ပါဝင်သည့်အစည်းကို မြန်မာငွေကျပ် ၃၆၀၀ နှုန်း၊ ထိုင်းဘတ်ငွေ ၁၀၀ နှုန်းဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်လျက်ရှိသည်။

ယခုနှစ်တွင် ကုန်ချောမထုတ်သောကြောင့် နိုင်ငံခြားငွေရှာပေးသော ရာသီပေါ် (ဂျူတံ) တံမြက်စည်းလုပ်ငန်းကြောင့် ဒေသခံပြည်သူများ ဝမ်းရေးအတွက် တစ်ဖက်တစ်လမ်းမှ အဆင်ပြေကြောင်း အမှတ်(၃)ရပ်ကွက်နေ ဒေသခံတစ်ဦးက ပြောပြသည်။

(ဂျူတံ)တံမြက်စည်းများသည် ရော်ဘာခြံများအတွင်းနှင့် တောင်ကမ်းပါးယံများတွင် အများအပြား အလေ့ကျပေါက်ရောက်ပြီး သီးခြားစိုက်ပျိုးရန်မလိုသဖြင့် တောင်သူများအနေဖြင့် ငွေအရင်းအနှီး စိုက်ထုတ်စရာမလိုသော လုပ်ငန်းတစ်ခုဖြစ်သည်။

သို့ရာတွင် တံမြက်ရရှိရန်အတွက် တောနင်းပြီးရှာဖွေကာ ချိုးယူရသည့်အတွက် အလွန်ပင်ပန်းပြီး ရရှိလာသည့်အပင်များကို တင်ပို့ရောင်းချနိုင်ရန် နေပူလှမ်းကာ တံမြက်စည်းတွင် ကပ်ငြိနေသည့် အပွင့်များကိုကြွေအောင် ရိုက်ခြွေရကြောင်း၊ ယခုနှစ်တွင် တံမြက်စည်းလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာသူများပြားလာကြောင်း အမှတ်(၃)ရပ်ကွက် တံမြက်စည်းလုပ်ငန်းလုပ်ကိုင်သူ ဦးသန်းဝင်းကပြောသည်။

အဆိုပါတံမြက်စည်းသည် ထားဝယ်အခေါ် (လဲ့ပင်) ဟုခေါ်ကာ အထက်အညာဒေသများတွင် (ဂျူပင်) ဟုခေါ်တွင်ပြီး အများအားဖြင့် တံမြက်စည်းပင်ဟုခေါ်ကြကြောင်း သိရသည်။

**မောင်မောင်(ခမောက်ကြီး၊ ပြန်/ဆက်)**

# စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၉ ရက် နံနက် ၉ နာရီတွင် ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်သိမ့်အောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသော ရပ်ကွက်၊ ကျေးရွာများ မှစာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များနှင့် စာပေစိတ်ဝင်စားသူ စုစုပေါင်း ၃၀ တို့အား အဖွဲ့ငါးဖွဲ့ခွဲ၍ ဆွေးနွေးခဲ့သည်။

အဆိုပါ အဖွဲ့ငါးဖွဲ့မှ စာဖတ်သူတိုးပွားရေး၊ စာကြည့်တိုက်မှူး၏ ဝန်ဆောင်မှုအခန်းကဏ္ဍ၊ စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေး၊ ရန်ပုံငွေရရှိရေး၊ ပရိဘောဂနှင့် စာအုပ်စာစောင်တိုးပွားရေး စသည့်ခေါင်းစဉ်များဖြင့်အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ရွှေကုက္ကို**

# ညှော်လမ်းညွှန်အခြေခံသင်တန်း ညောင်ဦး၌ဖွင့်လှစ်ပို့ချ

**ညောင်ဦး မတ် ၁၀**

ညောင်ဦးတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေသဆိုင်ရာဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ် (၂၂) ပုဂံ ဖွင့်ပွဲအခမ်းအနားကို မတ် ၈ ရက် နံနက် ၉ နာရီက Amazing Goft Resort ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ ဒေသဆိုင်ရာဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ် (၂၂) ပုဂံဖွင့်လှစ်နိုင်ရန်အတွက် အရည်အချင်းစစ်ဝင်ခွင့်စာမေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ပြီး ယင်းစာမေးပွဲသို့ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဦးရေ ၆၃၉ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

မတ် ၇ ရက်တွင် စိစစ်အတည်ပြုချက်အရ ဒေသဆိုင်ရာဧည့်လမ်းညွှန်အခြေခံသင်တန်းဝင်ခွင့်အောင်မြင်သူ ၁၃၁ ဦး၏စာရင်းကို ထုတ်ပြန်ကြေညာပေးခဲ့ကြောင်း၊ သင်တန်းကာလမှာမတ် ၈ ရက်မှ မတ် ၃၁ ရက်ထိ ၂၄ ရက်ကြာမြင့်မည်ဖြစ်သည်။

**ရဲသူရအောင်(ညောင်ဦး)**





ဖတ်စရာ

# အမျိုးသမီးများ စွမ်းရည်မြှင့်တင်ကြစို့

**à ဦးကျော်စိန်(မန္တလေး)**

ကမ္ဘာတစ်ဝန်း အမျိုးသမီးကဏ္ဍကို ကျယ်ပြန့်စွာဖော်ထုတ်ရန် မတ် ၈ ရက်ကို "အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ International Women's Day အဖြစ် သတ်မှတ်ကာ အခမ်းအနားများ ကျင်းပကြသည်။ အမျိုးသမီးများစွမ်းရည်ကို မြှင့်တင်ပေးပြီး တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ကိုင်ဆောင်ရွက်ကြစေဖို့ အသိပေး တိုက်တွန်းထားခြင်းဖြစ်သည်။ ကမ္ဘာ့လူဦးရေတိုးတက်များပြားလာချိန် ဤသို့တိုက်တွန်း လိုက်ခြင်းသည် အလွန်ပင် အကြောင်းအကျိုးဆက်စပ်မှုရှိလာသည်။

အမျိုးသမီးများစွမ်းရည်ကို မြှင့်တင်ပေးပြီး တိုင်းပြည်နှင့်လူမျိုးဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ကြရန် သတိပေးတိုက်တွန်းထားခြင်းဖြစ်၏။ အမျိုးသမီးများ၏ ပင်ကိုဗီဇသည် များသောအားဖြင့် အားနွဲ့ကြသူများဖြစ်သော်လည်း အမျိုးသားများနှင့်အပြိုင် ကာယအား၊ ဉာဏအား၊ စိတ်ဓာတ်အားများမွေးမြူနိုင်ရပါမည်။

အမျိုးသားများနည်းတူ လက်ရုံးရည်၊ နှလုံးရည် စွမ်းရည်များ ကြံ့ခိုင်သူများ ဖြစ်စေရန် ကြိုးစားအား ထုတ်နိုင်ရမည်ဖြစ်၏။ အရည်အချင်းပြည့်ဝပြီး စိတ်ဓာတ်ကြံ့ခိုင်အောင် ကြိုးစားရပါမည်။ လုပ်ရည်ကိုင်ရည် ထက်ထက်မြက်မြက် လုပ်ကိုင်နိုင်မည်ဖြစ်၏။ သို့မှသာလျှင် အမျိုးသမီးများ၏ စွမ်းရည်သည် ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။

တန်းတူညီမျှသော အခွင့်အရေးများရရှိရေးဆီသို့ ဦးတည်လျှောက်လှမ်းခဲ့သော အမျိုးသမီးထု၏ ခရီးရှည်ကြီးကာ ရာစုနှစ်များစွာ တိုင်ခဲ့၏။

အနောက်တိုင်း ရာဇဝင်များအရ ၁၁ ရာစုနှစ်က အမျိုးသမီးများကို ဘာသာရေး အကြောင်းပြချက်ဖြင့် မှီခိုမှုသာပြုရမည့်လူတန်းစားဟု သတ်မှတ်ကြသည်။ ကလေးသာသာ အသိဉာဏ်ရှိသည့် မိန်းမသား၊ နိုင်ငံရေးသြဇာအာဏာသက်ရောက်မှုအတွက် အလဲအလှယ်ပြုစရာ တန်ဖိုးကြီး လက်ဆောင်တစ်ရပ်ဟု သတ်မှတ်ခြင်းခံခဲ့ရသည်။ ထိုစဉ်က သမိုင်းမှတ်တမ်းတင်ခြင်းခံရသော အမျိုးသမီးမှာ လွန်စွာနည်းပါးပြီး သမိုင်းကိုဖန်တီးသူများဖြစ်ရန် အခွင့်အလမ်းမှာလည်း နည်းပါးလှသည်။ ထို့ကြောင့်ပင်လျှင် အမျိုးသမီးများ မိမိတို့ သမိုင်းကို မိမိတို့ကိုယ်တိုင်ဖန်တီးရေး ကြိုးပမ်းလှုပ်ရှားမှုများ (Feminist movement) စတင်ပေါ်ပေါက်လာပါသည်။

၁၉ ရာစုနှစ်တွင် ပေါ်ပေါက်ခဲ့သော အတွေးအခေါ်မှာ ပညာရေးအလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို အခြေပြု၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ စက်မှုတော်လှန်ရေးခေတ်သို့ ရောက်လာသော်လည်း အမျိုးသမီးများမှာ နိမ့်ကျသောအလုပ်ကို လုပ်ခလစာ နည်းနည်းဖြင့်သာ လုပ်ကိုင်ကြရ၏။ တက္ကသိုလ်ပညာရေးကို သင်ယူခွင့်ရသော်လည်း အဆင့်မြင့်ပညာရေး မရရှိမှုကြောင့် အခက်တွေ့ကြရ၏။ ထိုစဉ်က အာရှနွယ်ဖွားအိန္ဒိယနှင့် ဘင်္ဂါလီအမျိုးသမီးများက အင်္ဂလိပ်အမျိုးသမီးများထက်ပင် ပညာတတ်ဦးရေများပြားခဲ့သည်။ ၁၈၄၉ ခုနှစ်တွင် အမေရိကန်အမျိုးသမီးဆရာဝန်တစ်ဦး ပေါ်ထွက်လာသကဲ့သို့ ၁၉၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌လည်း"ဒေါ်စောဆ"သည် (F.R.C.S).(DPH.) (M.B.E) ဘွဲ့ရအမျိုးသမီး ဆရာဝန်မကြီးတစ်ဦး ပေါ်ထွက်ခဲ့သည်။

၁၉၁၁ ခုနှစ် မတ်လတွင် ရုရှားနိုင်ငံ၌ စက်ရုံမီးလောင်မှုဖြစ်ပွားခဲ့ရာ ထွက်ပေါက်မရှိ၍ အမျိုးသမီး ၁၄၆ ဦး သေဆုံးခဲ့ရ၏။ ဤသည်ကို အကြောင်းပြု၍ "အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့" ပေါ်ပေါက်လာခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် အမေရိကန်၊ အင်္ဂလန်စသော ဥရောပနိုင်ငံအချို့၌ အမျိုးသမီးများနိုင်ငံရေးတွင်ပါဝင်ရန် အခွင့်အရေးများ ရရှိလာ၏။ မြန်မာနိုင်ငံသည် ထိုစဉ်က ဗြိတိသျှကိုလိုနီလက်အောက်ခံ ဖြစ်ခြင်းကြောင့် မြန်မာအမျိုးသမီးများပါ မဲပေးခွင့်ရရှိခဲ့သည်။ ကိုလိုနီခေတ်က ခေတ်ပညာတတ်မြန်မာအမျိုးသမီးများသည် မိမိကောင်းစားရေးထက် အမျိုးသမီးထုတစ်ရပ်လုံး တန်းတူညီမျှ အခွင့်အရေးရရှိရေး၊ မိန်းမသားအချင်းချင်း ဖေးမကူညီရေးတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြသည်။ ၁၉၄၅ ခုနှစ် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် ၁၉၄၈ ခုနှစ် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတို့တွင် "အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူညီမျှဖြစ်သည်" ဟူသောမူကို ချမှတ်ပေးခဲ့သည်။ ထို့ကြောင့် နိုင်ငံတကာက အမျိုးသမီးများအတွက် နိုင်ငံရေး၊ ပညာရေး၊ အလုပ်ခွင်ထဲတွင် တရားမျှတရေးဆိုင်ရာ အခွင့်အလမ်းများကို ပွင့်လင်းစေခဲ့သည်။

ဥရောပတိုက်သူ "အယ်လီနာရူစိဗဲ့"၏ ဦးဆောင်ကြိုးပမ်းမှုကြောင့် ၁၉၆၃ ခုနှစ်တွင် လူမှုဖူလုံရေးနေ့ကလေးထိန်းကျောင်းများ ဖွင့်လှစ်ရေး၊ မီးဖွားခွင့်အစရှိသည်တို့နှင့်စပ်လျဉ်းသော ဥပဒေများပြဋ္ဌာန်းပေးရန် ပြင်ဆင်မှုများ ပြုလာရတော့သည်။ ၁၉၆၃ ခုနှစ်၌ လုပ်ခလစာညီမျှရေးဥပဒေ၊ ၁၉၆၄ ခုနှစ် လိင်အရ အလုပ်အကိုင်ခွဲခြားခြင်းကို တားမြစ်သည့် ဥပဒေများ ပေါ်ပေါက်လာသည်။ ထို့အတွက် အကျိုးရလဒ်ကား အလုပ်ခွင်တွင် အမျိုးသမီးဦးရေ များပြားလာသည်။ အမျိုးသားများ အိမ်အလုပ်ကို ခွဲဝေတာဝန်ယူရကောင်းမှန်းသိလာသည်။ သားဆက်ခြား၊ မျိုးဆက်ပွား ကျန်းမာရေးအခွင့်အရေးများ ရရှိလာသည်။

၁၉၆၇ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာပေါ်တွင် ကျား၊ မ ခွဲခြားမှု ပယ်ဖျက်ရေးကို တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။ ၁၉၇၅ ခုနှစ် ပထမအကြိမ် ကမ္ဘာ့အမျိုးသမီးများ ညီလာခံကို အခွင့်အရေးတန်းတူညီမျှရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဟူသော ဦးတည်ချက်ဖြင့် မက္ကဆီကိုတွင် ကျင်းပနိုင်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက "အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (UNCEDAW)"ကို ပြဋ္ဌာန်းပေးသည်။

အမျိုးသမီးလှုပ်ရှားမှုကား ၁၉၈၀ ပြည့်နှစ်လယ်ခန့်က စတင်သည်ဟု ဆိုကြ၏။ ဆင်းရဲသော နိုင်ငံများက အမျိုးသမီးများ၏ လိုအပ်ချက်နှင့် ရှင်သန်နေထိုင်ရသော လူမှုဝန်းကျင်သည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အခြေအနေနှင့် မည်သို့မျှ မတူနိုင်ပေရာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လှုပ်ရှားမှုများဆောင်ရွက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်၌ ဒုတိယအကြိမ် ကမ္ဘာ့အမျိုးသမီးများညီလာခံကို ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင်လည်းကောင်း၊ ၁၉၈၅ ခုနှစ် တတိယအကြိမ်ညီလာခံကို ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌လည်းကောင်း၊ စတုတ္ထအကြိမ် ညီလာခံကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့၌လည်းကောင်း ကျင်းပနိုင်ခြင်းဖြင့် အမျိုးသမီးအခွင့်အရေး လှုပ်ရှားမှုများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ပေးနိုင်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၌ အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရရှိလျှင် ထိုနိုင်ငံသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုခံရထိုက်ပေသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ကျော် မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က ကောသလမင်းကြီးသည် မလ္လိကာမိဖုရားကြီး သမီးမိန်းကလေး မွေးဖွားသဖြင့် စိတ်မကောင်းဖြစ်ကာ မြတ်စွာဘုရားရှင်အား သွားရောက်လျှောက်ထား၏။

မြတ်စွာဘုရားရှင်က သမီးမိန်းကလေး မွေးဖွားခြင်းသည် စိတ်မကောင်းဖြစ်စရာ မဟုတ်ကြောင်း၊ အချို့မိန်းကလေးတို့သည် ပညာတတ်လျှင်၊ အကျင့်သီလနှင့်ပြည့်စုံလျှင်၊ လူကြီးသူမတို့ကို လေးစားရိုသေလျှင်၊ ခင်ပွန်းအပေါ်သစ္စာ စောင့်သိလျှင် အချို့သော ယောကျ်ားတို့ထက်ပင် သာလွန်ကောင်းမွန်ကြောင်း၊ ဤကဲ့သို့သော မိန်းမတို့သည် တိုင်းပြည်ကို အုပ်ချုပ်နိုင်သည့် သားကောင်း သားမြတ်ကိုပင် မွေးထုတ်ပေးနိုင်ကြောင်း မိန့်ကြားတော်မူခဲ့ပေသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက "သောမာ" အမည်ရှိ ထေရီမတစ်ဦး တရားဘာဝနာစီးဖြန်းရာသို့ မာရ်နတ်ရောက်ရှိလာပြီး "ထမင်းအိုးငဲ့တတ်ရုံ အသိဉာဏ်လောက်မျှဖြင့် အမျိုးသမီးတို့သည် မြင့်မြတ်သော ရသေ့ရဟန်းတို့ မျက်မှောက်ပြုရာဖြစ်သည့် မဂ်ဖိုလ်နိဗ္ဗာန်တရားထူး တရားမြတ်ကိုရရှိဖို့ရန် မျှော်လင့်ချက်မရှိနိုင်" ဟူ၍ ဖြစ်သည်။ သောမာထေရီက "တစ်စုံတစ်ယောက်၏ စိတ်သည်ကောင်းစွာတည်ကြည်ပြီး ဉာဏ်ပညာသည်လည်း မချွတ်ချော်လျှင် မိန်းမဘာဝသည်တရားဘာဝနာစီးဖျန်းရာ၌ ကွဲလွဲမှုမရှိ"ဟူ၍ တုံ့ပြန် ပြောကြားသည်။

ဤစကားသည် မြတ်ဗုဒ္ဓ၏ အမျိုးသမီးများပေါ်ထားရှိသော သဘောဆန္ဒတော်နှင့် တစ်သားတည်းပင်ဖြစ်၏။ အကြောင်းမူကား မြတ်ဗုဒ္ဓကိုယ်တော်တိုင် အမျိုးသမီးတို့အား အရဟတ္တဖိုလ် မျက်မှောက်ပြုခြင်းဖြင့် သူတော်စင်တို့၏ အထွတ်အထိပ်ပန်းတိုင်သို့ ရောက်ရှိဖို့ အရေး၌ ယောကျ်ားများကဲ့သို့ပင် အရည်အချင်းရှိကြောင်း ဟောကြားထားသောကြောင့် ဖြစ်သည်။

ကမ္ဘာတွင် အမျိုးသမီးထု၏ လှုပ်ရှားမှုကို ဖော်ပြရပါလျှင် လိုက်ဘေးရီးယားမှ လေမာဘိုစီ၏ ငြိမ်းချမ်းရေး လှုပ်ရှားမှုက အာဏာရှင်အစိုးရကို ထိရောက်စွာ ခြိမ်းခြောက်နိုင်ပြီး နိုင်ငံအပြောင်းအလဲကို ဖြစ်စေသည်။

အီဂျစ်အာဏာရှင် အစိုးရကို တီဟာရာရင်ပြင်၌ ဆန္ဒပြရာ အကြမ်းဖက် နှိမ်နင်းမှုကြားမှ အီဂျစ်အမျိုးသမီးများ၏ ရဲရင့်သော ဦးဆောင်မှု၊ အနောက်အာဖရိကမှ အမျိုးသမီးများ၏ အမျိုးသမီး လိင်အင်္ဂါဖြတ်တောက်ခြင်းကို ဘာသာရေးအခမ်းအနားအဖြစ် ပြုလုပ်ခြင်းကို အဆုံးသတ်ရန် ကြိုးစားသော မာလီအမျိုးသမီး လှုပ်ရှားမှု၊ ဘော့စနီးယား လူကုန်ကူးမှုအတွက် တရားမျှတမှုကို တောင်းဆိုသော အမျိုးသမီးလှုပ်ရှားမှု၊ တာလီဘန်များ၏ ခြိမ်းခြောက်အသက်အန္တရာယ်ပေးမှုကို အန်တု၍ ပညာသင် အခွင့်အရေးဆုံးရှုံးမှုကို တိုက်ပွဲဝင်နေသော အသက် ၁၅ နှစ်အရွယ် ပါကစ္စတန်သမီးငယ် မာလာလာယူဆွပ်ဖ်ဇိုင်း၏ ဦးဆောင်ကြိုးပမ်းမှုများက သက်သေအထင်အရှားပြလျက်ရှိသည်။

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော "လောကပါလတရား"များ ထွန်းကားရေးကို ရှေးရှုဆောင်ရွက်နေသော မြန်မာနိုင်ငံ၌ ဖော်ပြခဲ့ပါ နိုင်ငံများကဲ့သို့ ရသင့်ရထိုက်သော အခွင့်အရေးများကို တောင်းယူ၊ တိုက်ယူရန်မလိုဘဲ လက်ဝယ်ရရှိထားပြီး ဖြစ်ပါသည်။ ၁၉၉၇ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံက (UNCEDAW)၌ သဘောတူ လက်မှတ်ရေးထိုးပြီး ဖြစ်သည့်အတွက် နိုင်ငံတော်က လုပ်ပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိသည်။

မြန်မာ့လူဦးရေ၏ ၅၁ ရာခိုင်နှုန်းဝန်းကျင်မှာ အမျိုးသမီးများဖြစ်၏။ စုစုပေါင်း လူဦးရေ၏လေးပုံတစ်ပုံမှာ မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်အပိုင်းအခြားတွင် ရှိနေသည်။ နိုင်ငံ့ဝန်ထမ်းအဖြစ် အစိုးရဌာနအသီးသီးတွင် အမျိုးသမီးများ ပါဝင်ထမ်းဆောင်မှုနှုန်းမှာ ၅၂ ဒသမ ၃၉ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးနှင့် အထက်အရာရှိကြီးများအဆင့်တွင် ၃၆ ဒသမ ၆၁ ရာခိုင်နှုန်းရှိသည်။ နိုင်ငံတော်၏ ကြီးမားသော တာဝန်ထမ်းဆောင်မှုအပိုင်းတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၅၀ ကျော်ရှိကာ ပြည်ထောင်စုအစိုးရအဖွဲ့၌ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများအဆင့်အထိ တာဝန်ထမ်းဆောင်နေကြပါသည်။

သို့ပါ၍ နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် စာတတ်မြောက်မှု၊ အသိဉာဏ်ဖွံ့ဖြိုးမှုနှင့် ကိုယ်ရည်ကိုယ်သွေးပြည့်စုံမှုတို့ပင် ဖြစ်၏။ ဤအချက်များ ပြည့်စုံမှုသည် ကာယကံရှင် အမျိုးသမီးများသာမက တစ်မျိုးသားလုံးတွင် တာဝန်ရှိပါကြောင်း တင်ပြရပါသည်။

**၁၉၁၁ ခုနှစ် မတ်လတွင် ရုရှားနိုင်ငံ၌ စက်ရုံမီးလောင်မှုဖြစ်ပွားခဲ့ရာ ထွက်ပေါက်မရှိ၍ အမျိုးသမီး ၁၄၆ ဦး သေဆုံးခဲ့ရ၏။ ဤသည်ကို အကြောင်းပြု၍ "အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့" ပေါ်ပေါက်လာခဲ့သည်။**

**နိုင်ငံတစ်နိုင်ငံ၌ အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရရှိလျှင် ထိုနိုင်ငံသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုခံရထိုက်ပေသည်။**

## ကရင်ပြည်နယ်၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေး

**ဘားအံ မတ် ၁၀**

ကရင်ပြည်နယ်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားနည်းချက်၊ အားသာချက်နှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များအား ကရင်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖါနှင့် ပြည်နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ကရင်ပြည်နယ် ကုန်သည်စက်မှုလုပ်ငန်းအသင်း၊ ရော်ဘာလုပ်ငန်းရှင်များအသင်းနှင့် ခရိုင်/မြို့နယ်များမှ စိုက်ပျိုးရေးဦးစီးမှူးများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို မတ် ၈ ရက် နံနက်ပိုင်းက ပြည်နယ်စိုက်ပျိုးရေးရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးက ပြည်နယ်၏ စီးပွားရေးသည် လယ်ယာကဏ္ဍကို အဓိကအမှီပြုနေရပြီးပြည်နယ်၏ GDP တွင် လယ်ယာကဏ္ဍမှာ ၈ ဒသမ ၁ ရာခိုင်နှုန်း ပါဝင်နေသည့်အတွက် တောင်သူလယ်သမားအတွက် လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန်၊ အစိုးရသက်တမ်းကာလတာအတွင်း တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့မှုနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။

ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးက စိုက်ပျိုးရေးကဏ္ဍတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်၊ အယ်နီညိုရာသီတုအတွက် ပြင်ဆင်ထားရှိမှု၊ အရန်မျိုးစုဆောင်းထားရှိမှု အခြေအနေနှင့် ဒေသအတွက် မျိုးစေ့ထုတ်လုပ်ငန်းထူထောင်မည့် အစီအစဉ်များ တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် ကရင်ပြည်နယ် ကုန်သည်စက်မှုလုပ်ငန်းအသင်း အတွင်းရေးမှူး ဦးစိုးသိန်းက မိမိတို့အသင်းမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တောင်သူလယ်သမားအသင်းအဖွဲ့များနှင့် ပူးပေါင်းကူညီလုပ်ဆောင်ပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ တက်ရောက်လာသောခရိုင်/မြို့နယ်ဦးစီးမှူးများက မိမိတို့ ဒေသအလိုက် ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ တောင်သူလယ်သမား ကိုယ်စားလှယ်များက မျိုးကောင်းမျိုးသန့်ရရှိရေး၊ သီးနှံဈေးနှုန်းဈေးကွက်ခိုင်မာစွာရရှိရေးများကို ပါဝင်ဆွေးနွေးသည်။

ကရင်ပြည်နယ်တွင် နွေစပါး၊ မိုးစပါးစိုက်ဧက ခြောက်သိန်းကျော်ရှိပြီး ပျှမ်းမျှစပါးတင်းပေါင်း ၄၆ သန်းကျော် ထွက်ရှိပြီး



ရော်ဘာ ၂ ဒသမ ၆ သိန်းဧကမှ အစေးလှီးဧက ၁ ဒသမ ၃သိန်းဧက ရှိနေပြီဖြစ်သည်။ ထို့ပြင် ဒေသအတွက် အရေးပါသောဆီထွက်သီးနှံ ဧက ၈၂၈၀၀ စိုက်ပျိုးထားပြီး ပဲမျိုးစုံစုစုပေါင်း ၁ဒသမ ၅ သိန်းဧကစိုက်ပျိုးလျက်ရှိရာ အထွက်နှုန်းတိုးတက်ရေးနှင့် အာမခံဈေးနှုန်းရရှိရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ဘားအံ)**

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

ပုဏ္ဏားဈေးအနီးတွင် ထင်ရှားသူများအနက် မြန်မာမင်းလက်ထက်ကတည်းကပင် မြန်မာသမားတော် အစဉ်အဆက် နာမည်ကြီးဆရာညိမ်းဆေးတိုက် တည်ရှိခဲ့သည်။ ယခုတိုင်သားများက အမွေဆက်ခံကုသလျက်ရှိသည်။ မြန်မာမင်းလက်ထက်ကတည်းကပင် မင်းတဲအီကင်းရပ်၌ ပုဏ္ဏားလူမျိုးများအား နေရာချထားပေးသည်။ မင်းတဲအီကင်းနှင့် တောင်ပြင်ပုဏ္ဏားကုန်း၊ အိမ်တော်ရာတောင်ဘက် ပုဏ္ဏားချောင်တို့တွင် မြန်မာမင်းလက်ထက်ကတည်းက ပုဏ္ဏားအနွယ်များ စုစည်းနေထိုင်ကြသည်။ သီပေါမင်းလက်ထက် ၁၈၈၂ ခုနှစ် သမီးတော် နားသပွဲပြုလုပ်ရာတွင် ပုဏ္ဏား ၂၀၀၀ကျော် စာရင်းပေါက်သဖြင့် အိမ်တိုင်းပေးဝေသည်။ ထိုခေတ် ပုဏ္ဏားဦးရေ တစ်သောင်းကျော်ရှိသည်။

**ကျောက်သပိတ်**

မင်းတဲအီကင်းအနောက် ဧရာဝတီတာရိုး မီးခြစ်စက်ရုံသွား လမ်းကွေ့အရပ် အကွက်(၉၇၊၉၈) သည် ပေါက္ကရိုရပ်၊ ကျောက်သပိတ်ရပ်ဟု လူသိများသည်။ မန္တလေးတောင်ခြေ ကျောက်တော်ကြီးဘုရားမှ ကျောက်သပိတ်ကြီး ဧရာဝတီဆိပ်ကမ်းအနီးရှိခဲ့ရာမှ ကျောက်သပိတ်ရပ်တွင်နေသည်။ ကျောက်သပိတ်ကြီးမှာ စကျင်တောင်မှ ဖောင်ဖြင့်သယ်ယူခဲ့ရာမှ သောင်တင်နေဖွယ်ရှိသည်။ လူငယ်တစ်ရပ်ခန့်အမြင့်ရှိ ကျောက်သပိတ်ကြီးဖြစ်ပြီး ကျောက်တော်ကြီးဘုရား အရှေ့စောင်းတန်းတွင် လေ့လာနိုင်သည်။ အမြင့် ၃ ပေ ၈ လက်မ၊ အဝအကျယ်လုံးပတ် ၁၅ ပေ ၅ လက်မ ရှိသည်။

**ရှင်ပင်တုတ်ရိုက်စေတီ**

အကွက် (၉၉)သည် ရဲညွန့်ရပ်၊ ဈေးကုန်းရပ် ဆက်စပ်လျက်ရှိသည်။ ဘုရားဈေးသည်များ နေထိုင်ခဲ့ရာအရပ်ဖြစ်၍ ဈေးကုန်းရပ်တွင်သည်။ အကွက် (၁၀၂) သည် ရွှေလင်းပင်၊ ပေါက္ကရိုရပ်ဖြစ်သည်။ အကွက် (၁၀၃) မှာ ရှေးယခင်က မတ္တရာ-ဧရာဝတီမြစ်ရိုးတစ်လျှောက် ကုန်ခြောက်ရောင်းချသူများနေရာဖြစ်သည်။ မင်းတဲအီကင်းရပ်ကွက်ကြီးမှာ ရှေးရပ်ရွာကြီးတစ်ခုဖြစ်၍ ဘုရားစေတီများလည်း ရပ်ကွက်တိုင်းလိုလို ဖူးတွေ့နိုင်သည်။ အချို့သမိုင်းပျောက်နေသည်။

ရှင်ပင်တုတ်ရိုက် ဘုရားတစ်ဆူမှာ ဈေးကုန်းရပ် ၁၉ လမ်းတောင်ဘက်တွင် တည်ရှိသည်။ သီပေါမင်းလက်ထက် ၁၂၄၁ ခုနှစ်၌ ရွှေနန်းတော်မှ အမြောက်သံကြားသည်နှင့် ပြုပြင်ရသည့် ဘုရားဆူရေ ၆၉ဆူမှ တစ်ဆူအပါအဝင် ဖြစ်သည်။ ပြုပြင်မွမ်းမံသည့် ခုနှစ်နှင့် အချိန်၊ နောက်ဝင်းဒိုင်းစာရေး နော်ရထာစည်သူကြီးကြပ်ပြင်ဆင်ရကြောင်း ကမ္ပည်းစာတမ်းအရ သိရသည်။ ယခုရပ်ကွက်မှာ ပြုပြင်မွမ်းမံထားပြီး အောင်မင်္ဂလာစေတီကမ္ပည်းတင်ထားသည်။ အကွက် (၉၀) ရဲညွန့်ရပ် ဧရာဝတီတာရိုးအနီးတွင် ရှစ်မျက်နှာ ဘုရားတည်ရှိသည်။ အတွင်းလိုဏ်ဂူပတ်ဂြိုဟ်ပြေ နံပြေ ယတြာချေသည့် ဘုရားဖြစ်ရာ မင်းတုန်းမင်းတရားကြီး၏ မိဖုရားကြီး စကြဒေဝီတည်ခဲ့သည်မှ မှတ်သားရသည်။

မင်းတဲအီကင်းတွင် ရတနာမဥ္ဇူဘုရားအား ဗဟိုပြုလျက် ရှေးဟောင်းဘုရားများ သမိုင်းရှာဖွေနေကြဆဲ ဘုရားများရှိသေးသည်။ သမိုင်းရှိပြီး ဘုရားများအနက် လေသာတိုက်အတွင်းရှိ ရွှေဘုံသာစေတီနှင့် ဧရာဝတီတာရိုး အရှေ့ဘက်မြရေနံရပ်ရှိ ထီးတစောင်းဘုရား၊ ရတနာမဥ္ဇူဘုရားအနီးမှ ဘုရားငါးဆူ၊ ဆင်မြားရှင်ကျောင်းတိုက်အတွင်းလေး မျက်နှာဘုရား၊ တောင်တွင်းကြီးကျောင်းတိုက် ၂၂လမ်း မြောက်ဘက်ရှိ အမရပူရခေတ်စေတီများ၊ ၎င်းအရှေ့ဘက် ၈၉ လမ်း၊ ၂၂ လမ်းထောင့်မှ ဘိုးတော်ဘုရားလက်ထက်ပေါ်တော်မူဘုရားများ ဖူးတွေ့နိုင်သည်။

**ယောမင်းကြီးဗိမာန်**

အကွက်(၁၀၄) မှာ ဒေါင်းမင်းသစ်စက်ဝင်းဖြစ်သည်။ မြန်မာမင်းလက်ထက်က လွှစက်ရုံနေရာဖြစ်သည်။ ဧရာဝတီတာ ရိုးအရှေ့ဘက် အမှတ်(၁) မီးခြစ်စက်ရုံ၊ ၎င်း၏ အနောက်ဘက် တာရိုးကမ်းစပ်မှာ ကျွဲစွန်းဆိပ်ကမ်း ရှုခင်းသာအဖြစ် ဖန်တီးထားသည်။ ရှေးခေတ်က ကမ်းနားလူနေတဲအိမ်များ ရှင်းလင်းပြီး ရှုခင်းသာ အငူအစွန်းအဖြစ် ဖန်တီးထားရာ ကျွဲစွန်းသစ်ဆိပ် သစ်လုံးဖောင်များမှ သစ်လုံးဆွဲ ကျွဲလှည်းများဖြင့် ကမ္ဘာလှည့်ခရီးသည်များ လေ့လာစရာ ရှုခင်းသာ နေရာဖြစ်သည်။

အကွက် (၁၀၇၊၁၀၈) တာရိုးအရှေ့ဘက် ရွှေပန်းမြိုင်တိုက်နေရာနှင့် အကွက်(၁၀၉၊၁၁၀) စောလှတိုက်၊ တောင်တွင်းကြီးကျောင်းတိုက်၊ ယောမင်းကြီး ဦးဖိုးလှိုင် အုတ်ဂူဗိမာန်အကွက်များဖြစ်သည်။ ရှေးယခင်က တဲအိမ်ရှုပ်ထွေးသောနေရာ ဖြစ်သော်လည်း ယခုအခါ လမ်းဘေး တောင်တွင်းကြီး ကျောင်းတိုက်ရှေ့၌ ယောမင်းကြီး ဦးဖိုးလှိုင်ဂူဗိမာန်၊ ရုပ်တုနှင့်သင်္ချိုင်းကျောက်စာကို အမိုးအကာနှင့် လေ့လာကြည့်ရှုနိုင်ရန် ထိန်းသိမ်းထားရှိသည်။ ၂၂လမ်း ပုဏ္ဏား ကုန်းနေရာမှာ ရှေးက သင်္ချိုင်းတော်နေရာတော်များပင် ဖြစ်သည်။ ယောမင်းကြီး ဂူဗိမာန်တွင် ယောမင်းကြီးကတော် ရှင်ဖြူသင်္ချိုင်းဂူ ကျောက်စာ၊ သမီးတော်၊ သားတော်သုံးဦး သင်္ချိုင်းဂူကျောက်စာတို့ အပြင် ရေနံချောင်းမြို့စားမင်းကြီး၏ ဂူကျောက်စာပါ ထိန်းသိမ်းထားရှိသည်။

**သီရိမာလာအရှေ့ရေကြည်ရပ်**

အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက်တွင် ရပ်ကွက်(၁၇)ကွက်ရှိသည်။ မန္တလေးမြို့တည်စဉ်

> **နောင်အခါ မင်းသားများ အခြွေအရံ ၄၀ ယောက်နှင့် ဆင်စီးရွှေထီး ဆောင်းပြီး တခမ်းတနား ကျောင်းတက်လာသဖြင့် အခြွေအရံများနှင့် ခွဲခြားယူရသည်ဆို၏။ မင်းသားတစ်ပါးအနက် ၄၀ ယောက် ပါလာတတ်သဖြင့် လူ ၄၀၀ ယောက်နှင့် ကျောင်းပြည့်မတတ်ရှိသည် အဆိုရှိ၏။ ရတနာပုံခေတ် သုံးထပ်သစ်သားကျောင်းတော်ကြီးအဖြစ် လေ့လာနိုင်ကြသည်။ နောက်ပိုင်းတွင် ဒိုင်အိုစီဇင်ကျောင်းမှာ ပြည်သူပိုင်သိမ်းသောအခါ အမှတ်(၁၀) အထက်တန်းကျောင်းဖြစ်လာသည်။**

ကတည်းက ရပ်ကွက်များ အကွက်ချပေးရာ၌ ပါဝင်သော အမည်ဖြစ်သည်။ သီရိမာလာ၏ အဓိပ္ပာယ်မှာ သီရိ၊ ကျက်သရေရှိသော မာလာ၊ ပန်းဖြစ်သည်။ သုတိမင်္ဂလာနှင့် ပြည့်စုံအောင် နာမည်မှည့်ခေါ်ထားခြင်းဖြစ်သည်။ သီရိမာလာ အရှေ့ရပ်သည် ၂၂ လမ်းနှင့် ၂၆ လမ်းအတွင်း၊ ၇၆လမ်းနှင့် လမ်း ၉၀အတွင်း အကွက်များဖြစ်၏။

အကွက် (၁၈၀၊၁၈၁) တို့မှာ ရေကြည်ရပ်ဖြစ်သည်။ ၈၆လမ်းဘေးတွင် ရေကြည်ဓမ္မာရုံကြီး တည်ရှိသည်။ ရှေးယခင်က ယခု ၂၅လမ်း၊ ၈၆လမ်းဆုံ၌ ရေကြည်ညောင်ပင်ကြီးရှိသည်။ မြန်မာမင်းလက်ထက်က ရေကြည်တော် အမှုထမ်းများ နေထိုင်ခဲ့ရာ အရပ်ဖြစ်၍ ရေကြည်ရပ်ဟုတွင်သည်။ အရှင်ဧကရာဇ်မင်းမြတ်၊ မိဖုရားခေါင်ကြီးနှစ်ပါး၊ နှမတော်ကြီးတို့ သောက်တော်ရေကြည်တော်များကို ဝန်စုပါရေကြည်တော်အမှုထမ်းများက ထိုသောက်ရေတွင်းမှ သီးခြားခပ်ယူ လဲလှယ်သွန်းလောင်း တင်ဆက်ခြင်းကိစ္စကို ကြီးကြပ်ဆောင်ရွက်ကြရသည်။ ရေကြည်တော်များကို နေ့စဉ် နန်းတော်ထက်သို့တင်ရန် ရေကြည်ဝန်တို့ ဆင့်ဆိုရာ နာခံ၍ ရေကြည်တော်အမှုထမ်းတို့က ဆက်သွင်းရသည်။ အမှုထမ်းတစ်ယောက် တစ်လလျှင် လစာငွေ ၂၆၀ ကျပ် အသနားခံရသည်။ ရေကြည်တော်ရပ်၏ တောင်ဘက် ၂၆လမ်း၊ မြောက်ဘက်ဝင်းမှာ ပြာသာဒ် တကာဝင်း ဖြစ်သည်။ ယခင်က ဇာတ်ပွဲများ ပြုလုပ်ခဲ့သည်။ ကိုလိုနီခေတ်က အမျိုးသားကျောင်း ဖွင့်ခဲ့ဖူးသည်။

အကွက် (၁၈၅)မှာ သံဝင်းဟုတွင်သည်။ မြန်မာမင်းလက်ထက်က ဗြိတိသျှ သံတမန်များအတွက် ချထားပေးရာ အကွက်ဖြစ်သည်။ သံအဖွဲ့ဝင်များ နေထိုင်ခဲ့ကြသဖြင့် သံဝင်းဟုခေါ်ဆိုဆဲရှိသည်။ အထက (၉)၊ အထက(၁၀) အနောက်ပိုင်းဝင်းများဖြစ်သည့် အကွက်(၁၈၅)တွင် အမှတ် (၉)အထက်တန်း(ယခင်စိန့်ပီတာကျောင်း) ၁၈၉၇ ခုနှစ်က စိန့်ပီတာ အင်္ဂလိပ်ကျောင်းဖွင့်ပြီး ကိုလိုနီခေတ်က ပြည်သူ့ဆေးရုံဖြစ်ခဲ့သည်။ အကွက်(၁၈၄)မှာ အမှတ်(၁၀) အထကဝင်းဖြစ်သည်။ ဒိုင်အိုသံတဲကျောင်းဟူ၍ မန္တလေးမြို့ ရှေးလူကြီးများက အသိများသည်။ စိန့်မက်သဒစ်ဘုရား ရှိခိုးကျောင်း တည်ရှိသည်။

ဒိုင်အိုသံတဲကျောင်း(ခေါ်) ဒိုင်အိုစီဇင်ကျောင်းတော်မှာ သီပေါမင်းစာသင်ခဲ့သောကြောင့် ပို၍နာမည်ကြီးသည်။ ရွှေတချောင်း အနောက်ဘက်(စီ)လမ်း ၂၂ လမ်းဘေးတွင် တည်ရှိသည်။ သီပေါမင်း အပါအဝင် မင်းညီမင်းသားများ ပညာသင်ခဲ့ရာ ကျောင်းတော်ဖြစ်၍ ယနေ့တိုင် သစ်သားကျောင်းအိုကြီးကို တွေ့မြင်နိုင်သည်။ ၁၂၃၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ၄၊ ၆၊ ၁၈၆၉ နေ့တွင် ဆောက်လုပ်ပြီးစီးသည်။ ခရစ်ယာန်သာသနာပြု ဒေါက်တာမတ် (Dr.J.E.MARKS) ကို မင်းတုန်းမင်းက စာသင်ကျောင်းတစ်ဆောင်နှင့် ခရစ်ယာန်ဘုရားခိုခိုးကျောင်းတစ်ဆောင် ဆောက်လုပ်ပေးသည်။ မင်းညီမင်းသားများအပြင် အခြားမှူးမတ်၊ သူဌေး၊ သူကြွယ်၊ ကုန်သည်တို့၏ သားမြေးများလည်း ဒေါက်တာမတ်ကျောင်း (သံတဲကျောင်း)၌ စာသင်ခဲ့သည်။

